ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (14-12-2011) (၉၇၃)

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. K. Shanmugam ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chua Hian Kong Robert တက်ရောက်သည်။

တွေ့ဆုံရာ၌ နှစ်နိုင်ငံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. K. Shanmugam အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. K. Shanmugam ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)



## လေထိုးရန်မလိုအပ်သော မော်တော်ကားတာယာ ဂျပန်နိုင်ငံရှိ ဘရေ့ဂျ်စတုန်းကုမ္ပဏီတီထွင်

ဘာသာပြန် ရေမောင်

**တိုကျို ဒီဇင်ဘာ ၁၃**

ဂျပန်နိုင်ငံရှိ မော်တော်ကားတာယာထုတ်လုပ်ရေး ထိပ်တန်းကုမ္ပဏီတစ်ခုဖြစ်သော ဘရေ့ဂျ်စတုန်းကုမ္ပဏီသည် နည်းပညာသစ်ကို အသုံးပြုကာ လေထိုးရန်မလိုအပ်သော တာယာများကို ထုတ်လုပ်တော့မည်ဖြစ်ကြောင်း သတင်းဌာနများက ဒီဇင်ဘာ ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။ ဘရေ့ဂျ်စတုန်းကုမ္ပဏီက တီထွင်ထုတ်လုပ်ထားသော မော်တော်ကားတာယာသည် **စာမျက်နှာ ၆ ကော်လံ ၁ သို့**

ယ နေ့ သ တ င်း အ ညွှ န်း

## ၂၀၁၀ ခုနှစ်အတွက် စာပေပိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

"ဘာသာရပ် ၁၂ မျိုး သတ်မှတ်ထားသည့်အနက် နိုင်ငံရေးစာပေဆုအတွက် ရွေးချယ်နိုင်ခြင်းမရှိ"

ပြည်တွင်းသတင်း စာမျက်နှာ - ၂

## စပါးကြီးမြွေ တိရစ္ဆာန်ဥယျာဉ်သို့ လှူဒါန်းရန်စီစဉ်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျင်မြို့နယ် တောင်ဘက်ကျေးရွာအုပ်စု ဒိုးပင်ကျေးရွာနေ ဦးမြင့်နိုင်ဦးနှင့်အဖွဲ့သည် ဝင်ခနိမ်ကျေးရွာ ထီးဝါးချောင်း၌ ဝါးခုတ်သွားစဉ် အရှည် ၁၇ ပေ - ၆ လက်မ၊ လုံးပတ် ၁ ပေ - ၆ လက်မ ရှိ စပါးကြီးမြွေတစ်ကောင်အား တွေ့ရှိဖမ်းယူလာခဲ့ပြီး ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် ဒီဇင်ဘာ ၈ ရက်တွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးစိုင်းစံသိန်းထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါစပါးကြီးမြွေကို ရန်ကုန်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်သို့ လှူဒါန်းရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကိုယ်လက်လှုပ်ရှား လူထုအားကစား

လူ့အဖွဲ့အစည်းတစ်ရပ်၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအကျဆုံး လိုအပ်ချက်မှာ ကျန်းမာရေးဖြစ်သည်။ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ သန့်ရှင်းမှုမရှိခြင်းတို့ကြောင့် ကျန်းမာရေးထိခိုက်နိုင်သည်ကို အများစုက သိရှိကြသည်။ အဆောက်အအုံ၊ နေအိမ်၊ အလုံပိတ်အခန်းများ၊ လုပ်ငန်းခွင်များအတွင်း လေထုမသန့်ရှင်းမှုကြောင့် အန္တရာယ်ဖြစ်နိုင်သည်ကိုမူ သတိပြုမိသူ နည်းပါးသေးသည်။

လူတိုင်းအသက်ရှည်ကျန်းမာရေးအတွက် သန့်ရှင်းလတ်ဆတ်သော သဘာဝလေကို ပြည့်ပြည့်ဝဝရှူရှိုက်ရခြင်းသည် အကောင်းဆုံးဖြစ်သည်။ ယခုအခါ အေးမြသည့် ဆောင်းရာသီသို့ရောက်ရှိလာပြီ။ ချမ်းအေးသည့် နံနက်ခင်းတိုင်း လမ်းလျှောက်ရင်း လေကောင်းလေသန့် ရှူရှိုက်သင့်သည်။ နံနက်စောစောလမ်းလျှောက်ခြင်းသည် စိတ်ကိုကြည်လင်လန်းဆန်းစေသည်။ အရိုးအဆစ်များကို ကြံ့ခိုင်သန်စွမ်းစေသည်။

အရွယ်ရောက်သူတစ်ဦးသည် နေ့စဉ် နာရီဝက်၊ တစ်နာရီခန့် လမ်းလျှောက်ရင်း ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပြုလုပ်သင့်သည်။ လူတစ်ဦးအတွက် ရက်သတ္တတစ်ပတ်လျှင် တစ်နာရီမှ သုံးနာရီအထိ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပြုလုပ်ပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အား ပိုမိုကောင်းမွန်စေသည်။

အရိုးကြီးပေါင်းနှင့် ခါးနာရောဂါ၊ အကြောညပ်ရောဂါဝေဒနာများသည် သွေးပူလေ့ကျင့်ခန်းနှင့် အသက်ရှူလေ့ကျင့်ခန်းကဲ့သို့ ပေါ့ပေါ့ပါးပါး လေ့ကျင့်နည်းများကို တစ်နေ့ငါးကြိမ်နှင့်အထက် တဖြည်းဖြည်းတိုး၍ လုပ်ဆောင်ခြင်းဖြင့် ဝေဒနာသက်သာနိုင်သည်။ သွေးတိုး၊ အဆုတ်၊ နှလုံးရောဂါနှင့် အရိုးအဆစ်ရောဂါရှိသူများလည်း နံနက်စောစောနှင့် ညနေပိုင်းတို့တွင် နေ့စဉ်ပုံမှန်လမ်းလျှောက်သင့်သည်။

ယခုအခါ ဒီဇင်ဘာ အားကစားလ လူထုအားကစားလှုပ်ရှားမှုများကို ပြုလုပ်နေကြသည်။ ပြည်သူတိုင်းပါဝင် လှုပ်ရှားကစားနိုင်ကြသည်။ ဘော်လီဘောပုတ်ခြင်း၊ ကြက်တောင်ရိုက်ခြင်း၊ ခြင်းလုံးခတ်ခြင်း၊ ပိုက်ကျော်ခြင်းကစားခြင်း၊ ထုပ်ဆီးတိုးခြင်း၊ နံနက်စောစောလမ်းလျှောက်ခြင်းစသည့် အားကစားနည်းတစ်မျိုးမျိုးတွင် ပါဝင်ကစားသင့်သည်။

ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းသည် ငွေကုန်ကြေးကျ အသက်သာဆုံးဖြစ်သည်။ ရောဂါအများစုကို ကာကွယ်နိုင်သည်။ နံနက်ခင်းတိုင်း သန့်ရှင်းလတ်ဆတ်သည့်လေကို ရှူရှိုက်ရင်း နေရောင်ခြည်အောက်တွင် လမ်းလျှောက်ကြခြင်းဖြင့် သဘာဝစွမ်းအင်ကိုလည်း ရနိုင်သည်။ ချမ်းအေးသောရာသီ ဒီဇင်ဘာ အားကစားလ ကိုယ်လက်လှုပ်ရှား လူထုစုပေါင်းလမ်းလျှောက်ပွဲများတွင် လူတိုင်းပါဝင်ဆင်နွှဲကြခြင်းဖြင့် စိတ်ရောကိုယ်ပါ ရွှင်လန်းတက်ကြွ ကျန်းမာပျော်ရွှင်ခြင်းသုခကို ရယူနိုင်ကြောင်း တိုက်တွန်းလိုက်ရပေသည်။ ။



# အိန္ဒိယအကူအညီဖြင့် အဆင့်မြင့်စိုက်ပျိုးရေးသုတေသနဗဟိုဌာန တည်ဆောက်ရေးဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၃

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H. E .Mr. Dr.Villur Sundararajan Seshadri သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။** (အပေါ်ပုံ)

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းရပ်များအကောင်အထည်ဖော်ရေး၊ အိန္ဒိယဘက်မှ အကူအညီဖြင့် အဆင့်မြင့်စိုက်ပျိုးရေးသုတေသန ဗဟိုဌာန (Agriculture Advance Research Center) တည်ဆောက်ရေးလုပ်ငန်း၊ အဆင့်မြင့်စပါးသိုလှောင်ရုံ (Silo) တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာများနှင့် အိန္ဒိယ ချေးငွေအကူအညီဖြင့် ဆည်ရေသောက်စနစ်များ ပူးပေါင်းတည်ဆောက် အကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား မလေးရှားနိုင်ငံ Kuala Lumpur Keplong Berhard (K.L.K) ကုမ္ပဏီမှ Executive Director Mr. Lim Hong Joon ဦးဆောင်သောအမှုဆောင်ကော်မတီ အဖွဲ့သည် နံနက် ၁၁ နာရီခွဲတွင် လာရောက်တွေ့ဆုံပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရန်များ၊ စက်မှုကုန်ကြမ်း ရော်ဘာသီးနှံနှင့် ဆီအုန်းသီးနှံထွက်ကုန်များကို ခေတ်မီစက်ရုံများ တည်ဆောက်ပြီး တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့်ပူးပေါင်း၍ နှစ်ဦးနှစ်ဖက် အကောင်အထည်ဖော်ရန်နှင့် စိုက်ပျိုးရေးအခြေခံစက်မှုကဏ္ဍတွင် ရေရှည်ခိုင်မာသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲများသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၁၀ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ကြီးမှူးကျင်းပသည့် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ၂၀၁၀ ခုနှစ်အတွက် ဆုရရှိသော စာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ဒုတိယဆုကို ကေ(တောင်တန်းပြာ)၏ နမာန်းရှဲလော ကလည်းကောင်း၊ တတိယဆုကို နှင်းစက်(လားရှိုး)၏ နေမင်းနှင့်စီးချင်းထိုးကြသူများ ကလည်းကောင်း ရရှိကြသည်။

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို မြေလတ်မင်းလွင်၏ မိန်းမလှကျွန်းက လွမ်းသစ္စာရှင်နှင့် အခြားဝတ္ထုတိုများကလည်းကောင်း၊ ဒုတိယဆုကို မောင်မောင်မိုးအောင်၏ ခွေးသေခေါက်နှင့်အခြားဝတ္ထုတိုများကလည်းကောင်း၊ တတိယဆုကို ကိုနိုင်း(ချင်းတောင်)၏ တောင်တန်းရင်ခွင်ဝတ္ထုများ ကလည်းကောင်း ရရှိကြသည်။

ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို အောင်သာဆန်း (သံတွဲ)၏ အဖြူရောင် အလင်းတန်းကဗျာစု ကလည်းကောင်း၊ ဒုတိယဆုကို မင်းသွေးနွယ်(ဇီးကုန်း)၏ ရင်ထဲကပန်းပျိုးအိမ်ကဗျာများ ကလည်းကောင်း၊ တတိယဆုကို မောင်ဟန်တင့် (ပင်လည်ဘူး)၏ ပီတိချို့မြိန် အမေ့အိမ်ကဗျာများ ကလည်းကောင်း ရရှိကြသည်။

သုတပဒေသာ(ဝိဇ္ဇာပညာရပ်)ဆုတွင် ပထမဆုကို ဦးသောင်းငွေ၏ မူကြို ပညာရေး ကကြီးခခွေး ကလည်းကောင်း၊ ဒုတိယဆုကို မင်းဘူးအောင်ကြိုင်၏ မြန်မာနိုင်ငံ ပုဂံခေတ်မှသည် ယနေ့တိုင် ခေါ်ဝေါ်ဆဲဖြစ်သည့် မြို့ရွာအမည်များ ကလည်းကောင်း ရရှိကြသည်။

သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်)ဆုတွင် ပထမဆုကို ဒေါက်တာမြင့်သန်း (ညောင်လေးပင်)၏ သတိပြုကာကွယ်ထား လမ်းပေါ်မှ အန္တရာယ်များ ကလည်းကောင်း၊ ဒုတိယဆုကို အောင်စိုး (စိုက်ပျိုး/၁၀၇)၏ အရေးကြီးသီးနှံအချို့တွင် တွေ့ရှိရသော အာဟာရချို့တဲ့မှုနှင့် ယင်းတို့အားကုစားခြင်း ကလည်းကောင်း ရရှိကြသည်။

စာပဒေသာဆုတွင် ဒုတိယဆုကို လှမြင့်(ရန်ကုန်တက္ကသိုလ်)၏ ရွှေနိုင်ငံတော်နှင့် ရွှေပုံရိပ်များစာမူက ရရှိသည်။

မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေဆုတွင် ပထမဆုကို မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)၏ မြန်ပြည်မြောက်ဖျားက ရဝမ်သွေးချင်းများ စာမူက ရရှိသည်။

ကလေးစာပေဆုတွင် ပထမဆုကို ကန့်ဘလူခင်မောင်ဆွေ၏ ခေါင်းလောင်းချိုလွင် တေးသံစဉ် ကလေးကဗျာများကလည်းကောင်း၊ ဒုတိယဆုကို ဇော်မျိုးဟန် (ငါးသိုင်းချောင်း)၏ အလိမ္မာလက်ဆောင် ကလေးကဗျာများ ကလည်းကောင်း၊ တတိယဆုကို ဇာနည်၏ ဆည်းလည်းသံချို ကလေးကဗျာများ ကလည်းကောင်း ရရှိကြသည်။

လူငယ်စာပေဆုတွင် ပထမဆုကို အင်ပင် သန်းဌေးအောင်၏ ကွဲ့နီက လည်းကောင်း၊ ဒုတိယဆုကို သိန်းဇော် (ရွှေလီဦး)၏ ကျီးစာငှက်စာနှင့် ကျေးလက်စကားသံ ဝတ္ထုတိုများကလည်းကောင်း၊ တတိယဆုကို ကျွန်းစဉ်မြေစောခက်၏ သားယောကျ်ား အားဖြစ်စေသတည်းနှင့် အခြားဝတ္ထုတိုများကလည်းကောင်း ရရှိကြသည်။

ပြဇာတ်စာပေဆုတွင် ပထမဆုကို မောင်ဆန္ဒ(လယ်ဝေး)၏ အရပ်ထဲဇာတ်ပွဲကရာ ကလည်းကောင်း၊ ဒုတိယဆုကို မောင်စိုးထိုက်(သုံးဆယ်)၏ သူပုန်တဲ့လား သူက အာဇာနည် ကလည်းကောင်း ရရှိကြသည်။

ဘာသာပြန်စာပေဆုတွင် ပထမဆုကို စာပေဗိမာန်မှ ပြဋ္ဌာန်းသော V.K.Rao ရေးသားသည့် Distance Education စာအုပ်ကို ဘာသာပြန်ဆိုသည့် ဒေါက်တာဉာဏ်ဟိန်းလတ်၏ အဝေးသင်ပညာရေးစာမူက ရရှိသည်။

စာပေဗိမာန်စာမူဆုတွင် ဘာသာရပ် ၁၂ မျိုး သတ်မှတ်ထားသည့်အနက် နိုင်ငံရေးစာပေဆုအတွက် ရွေးချယ်နိုင်ခြင်း မရှိကြောင်း သိရသည်။

ဆုရသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း စာပေဗိမာန်ရှိ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူး ဖုန်း-၀၁-၃၇၆၅၆၉၊ စီမံရေးရာဌာန ဖုန်း-၀၁-၃၈၁၄၄၉သို့ အမြန်ဆုံး(တစ်ပတ်အတွင်း) ဆက်သွယ်သတင်းပို့ကြရန်ဖြစ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမကြီး၌ ကျင်းပမည့် ၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု ဆုနှင်းသဘင် အခမ်းအနားတွင် ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

စာမူပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသော စာမူရှင်များသည် ဆုရွေးချယ်ခြင်းမခံရသော စာမူများကို ဆုစာရင်းထုတ်ပြန်ပြီးနောက် ခြောက်လအတွင်း လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ ပြန်လည်ထုတ်ယူနိုင်သည်။

၂၀၁၁ ခုနှစ်အတွက် စာပေဗိမာန်စာမူပြိုင်ပွဲ ယှဉ်ပြိုင်လိုသူများသည် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထား၍ တင်သွင်းနိုင်သည်။ ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းချက်များကို နယ်မှမှာယူလိုသူများသည် ငွေကျပ် ၂၀၀ ပေးပို့မှာယူနိုင်ပြီး စည်းကမ်းချက်များတွင် ပါရှိသည့် ဘာသာရပ်အလိုက် စာလုံးရေကန့်သတ်ချက်အတိုင်း ပြိုင်ပွဲဝင်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# သွေးလှူရှင်များနေ့ကို ဂုဏ်ပြု သွေးလှူရှင်ဂုဏ်ပြုပွဲ မန္တလေးမြို့၌ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ဒီဇင်ဘာ ၁၄ ရက်တွင် ကျရောက်မည့် (၃၅)ကြိမ်မြောက် သွေးလှူရှင်များနေ့ကို ဂုဏ်ပြုသောအားဖြင့် (၃၅)ကြိမ်မြောက် သွေးလှူရှင်ဂုဏ်ပြုပွဲ အခမ်းအနားကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၁ ရက် (စနေနေ့) နံနက် ၇ နာရီတွင် မြန်မာနိုင်ငံ ဆရာဝန်များအသင်းတိုက် (မန္တလေး)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနား တက်ရောက်ရန်အတွက် ဖိတ်စာများပေးပို့ထားပြီးဖြစ်ရာ ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၃၀ ရက်အတွင်း သွေးလှူခဲ့သော ၂၅ ကြိမ်၊ ကြိမ်ရေ ၄၀၊ ၅၀၊ ၅၅၊ ၆၀၊ ၆၅၊ ၇၀၊ ၇၅၊ ၈၀၊ ၈၅၊ ၉၀၊ ၉၅၊ ၁၀၀နှင့် ကြိမ်ရေ ၁၀၀ အထက် သွေးလှူရှင်များသည် အမျိုးသား သွေးလှူဘဏ် (မန္တလေး)သို့ ဆက်သွယ်ကြပါရန်နှင့် သွေးလှူရှင်ဂုဏ်ပြုပွဲအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက အမျိုးသားသွေးလှူဘဏ်၊ အထွေထွေရောဂါကုဆေးရုံကြီး (မန္တလေး)သို့ ဆက်သွယ်လှူဒါန်းနိုင်ပါရန် သွေးလှူဘဏ် ကြီးကြပ်မှုကော်မတီက နှိုးဆော်ထားကြောင်း သိရသည်။

(သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၄-၁၂-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇:၀၃ ၁။ နိုင်ငံတော်သီချင်း
၇:၀၅ ၂။ တရားတော်
၇:၁၅ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာ့ရှုခင်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ ဇာတ်လမ်းတို

**ညပိုင်း**

၄:၀၂ ၁။ နိုင်ငံတော်သီချင်း
၄:၀၃ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၁၅ ၄။ ဇာတ်လမ်းတို
၄:၂၅ ၅။ အမျိုးသားရေးတေးကဗျာ
၄:၄၅ ၆။ ရှေးဟောင်းသုတ
၅:၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၂၅)**
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၁။ **Mail Box**
၆:၃၅ ၁၂။ ကာတွန်းအစီအစဉ် -စူပါဟမ်းစတား (အပိုင်း -၆)
၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၇၉)**
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ အမျိုးသားရေးတေးကဗျာ
၁၆။ ဒို့တာဝန်အရေး(၃)ပါး
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -ညီညာသာယာ ကျွန်တော်တို့ရွာ (ဉာဏ်သာမင်း၊ နှင်းထက်ထက်ဝေ၊ ဝင်းနိုင်၊ ဧရာနှင့် သရုပ်ဆောင်များ)
၂၀။ အိုင်စီတီသုတ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမှတ်တရနေ့ရက်လေးများ (အပိုင်း-၁၉)**
၂၃။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

# အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၃-၁၂-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁. ၁၉၃၀ | ၀. ၀၃၂၀၆ |
| တရုတ် (ယွမ်) | ၆. ၃၆၆၁၀ | ၀. ၁၅၇၀၈ |
| အိန္ဒိယ (ရူပီး) | ၅၃. ၂၃၀၀ | ၀. ၀၁၈၇၉ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၈၄၀၄ | ၀. ၃၁၄၀၇ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၃၀၁၆၉ | ၀. ၇၆၈၂၃ |
| ဂျပန် (ယန်း) | ၇၇. ၈၃၈၄ | ၀. ၀၁၂၈၅ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၅၂. ၈၄ | ၀. ၀၀၀၈၇ |
| ယူရို | ၀. ၇၅၈၅၀ | ၁. ၃၁၈၃၈ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၁၇၅ | ၁. ၅၅၈၂၃ |

*အင်တာနက်။*

# ဒီမိုကရေစီစနစ်ဖြင့် သွားရာတွင် ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်ဟူသည့် မဏ္ဍိုင်(၃)ရပ် တည့်မတ်ခိုင်မာရေးအတွက် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် စာနယ်ဇင်းမဏ္ဍိုင်က စောင့်ကြည့်တည့်မတ်ရန်လို

## ယနေ့ကာလတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းလောကသားများအနေဖြင့် အမျိုးသားရေးကိုသာ ဦးတည်သင့်

ရန်ကုန် ဒီဇင်ဘာ ၁၃

**မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဗဟိုပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ စာရေးဆရာအလွှာ၊ ပုံနှိပ်၊ ထုတ်ဝေ၊ ဖြန့်ချိအလွှာနှင့် စာနယ်ဇင်းအလွှာတို့မှ တာဝန်ရှိသူများအား တွေ့ဆုံသည်။**

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့နာယက ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းလောကအတွက် မိမိတို့ဘက်နှင့် အဖွဲ့ကြီးက ဆောင်ရွက်ပေးရမည့်လုပ်ငန်းများကို သိရှိအကောင်အထည်ဖော်ရန်နှင့် အဖွဲ့၏အနာဂတ်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးရန် ယခုကဲ့သို့ တွေ့ဆုံရခြင်းဖြစ်ကြောင်း။

စာပေလောကသားများသည် လွတ်လပ်ရေးအကြိုကာလနှင့် လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ တစ်လျှောက်လုံးတွင် လွတ်လပ်ရေးကြိုးပမ်းမှု အင်အားစုများနှင့်အတူ လက်တွဲဆောင်ရွက်ခဲ့သည့် သမိုင်းအထောက်အထားကောင်းများ ရှိကြောင်း၊ ၁၉၄၈ မှ ၁၉၆၂ အကြား စာနယ်ဇင်းလောက၏ အကောင်းအဆိုး၊ အားနည်းအားသာချက်များ၊ အဖြစ်အပျက်များကို မိမိထက် ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများက ပိုမိုသိရှိကြပါကြောင်း။

ယင်းကာလတွင် မြန်မာနိုင်ငံ စာရေးဆရာများအသင်း၊ မြန်စာပြန့်အသင်း၊ အမျိုးသမီးကလောင်ရှင်များအသင်း (ယုဝတီကလောင်အသင်း)၊ လူငယ်စာရေးဆရာများကောင်စီ၊ မြန်မာနိုင်ငံ စာပေလေ့လာရေးအဖွဲ့ စသည့် စာပေဆိုင်ရာ အဖွဲ့ ၂၀ ရှိသည်ကို တွေ့ရကြောင်း၊ ၁၉၆၂ မှ ၁၉၇၄ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်နှင့် ၁၉၇၄ မှ ၁၉၈၈ ခုနှစ်အထိ ဆိုရှယ်လစ်ခေတ် တစ်ပါတီစနစ်တို့တွင်လည်း စာပေလောကသားများသည် တည်ရှိသည့်ခေတ်စနစ်များနှင့်အညီ လုပ်ငန်းများကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည်ကို တွေ့ရကြောင်း။

၂၀၀၄ ခုနှစ်ခန့်မှစ၍ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပိုမိုထိတွေ့ခွင့်ရရှိခဲ့ပြီး စာပေလောကနှင့် စာပေလောကသားများအကျိုး၊ တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် ပံ့ပိုးဆောင်ရွက်ရန်ရှိသည်များကို မိမိအနေဖြင့် ကူညီပံ့ပိုးပေးခဲ့ကြောင်း၊ အောင်မြင်ခဲ့သည်များရှိသကဲ့သို့ မအောင်မြင်သည့်လုပ်ငန်းများလည်း ရှိကြောင်း၊ အသင်းအဖွဲ့ အသီးသီးရှိသည့်အနက် မိမိနှင့် ထိတွေ့မှုအများဆုံးအဖွဲ့မှာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဖြစ်ကြောင်း၊ အကူအညီအများဆုံးလည်း ပေးခဲ့ကြောင်း၊ မိမိစတင်ထိတွေ့သည့် ၂၀၀၄ ခုနှစ် ပတ်ဝန်းကျင်တွင် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ လှုပ်ရှားဆောင်ရွက်မှုများ ကျယ်ပြန့်ခြင်းမရှိဘဲ လှုပ်ရှားဆောင်ရွက်မှု အားနည်းခဲ့သည်ဟု ယူဆကြောင်း၊ ယင်းအချိန်က တစ်ဖက်တွင် Journalism အင်အားစုများ၏ လုပ်ငန်းများ ကျယ်ပြန့်နေပြီး ရှေ့တန်းရောက်နေကြောင်း၊ ပြည်သူများက Journalism သတင်းများကို အလေးထားဖတ်ရှုကြကြောင်း။

သို့ပါ၍ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့အတွင်း Journalist များ ပူးပေါင်းပါဝင်လာနိုင်အောင် ၂၀၀၆ ခုနှစ်တွင် မိမိဆောင်ရွက်ပေးခဲ့ကြောင်း၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးအတွင်း အဖွဲ့ဝင်သစ်များ ရောက်ရှိလာပြီးနောက် အသင်းကြီး၏ လုပ်ငန်းဖော်ဆောင်နိုင်မှုများ၊ အမျိုးသားအကျိုးစီးပွားအတွက် အကောင်အထည်ဖော်နိုင်မှုများ ယခင်ကထက် ကျယ်ပြန့်များပြားလာခဲ့ကြောင်း၊ အဖွဲ့ဝင်အင်အားလည်း တိုးလာခဲ့ကြောင်း၊ အဖွဲ့ဝင်အရေအတွက် တိုးတက်လာသကဲ့သို့ အရည်အချင်းပိုင်းဆိုင်ရာတွင်လည်း မြင့်မားလာသည်ကို တွေ့ရကြောင်း၊ တစ်ဖက်တွင်လည်း အဖွဲ့အတွင်း၊ လောကသားများအတွင်း ဝိရောဓိများ တိုးပွားလာသည်ကို တွေ့ရကြောင်း။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့အတွက် သင့်တင့်သည့် ရုံးနေရာရရှိရေး၊ အသင်းဝင်များ၏ သက်သာချောင်ချိရေး၊ လူမှုရေးလုပ်ငန်းများကိုလည်း ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သက်ကြီးစာပေပညာရှင်များအား ယခင်က တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းသာ ကန်တော့နိုင်ခဲ့ရာမှ ပြီးခဲ့သည့်နှစ်မှစ၍ ငွေကျပ် ၂၀၀၀၀၀ အထိ ကန်တော့နိုင်ခဲ့ကြောင်း၊ ယခုနှစ် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲတွင် ၁၅၂ ဦးအထိ ကန်တော့နိုင်မည်ဖြစ်ရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ တိုးတက်စွမ်းဆောင်နိုင်မှုပင်ဖြစ်ကြောင်း။

ထို့အပြင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ စာပေပညာရှင်များအနေဖြင့် နိုင်ငံတကာသို့ သွားရောက်လေ့လာနိုင်မှုများရှိလာခဲ့ပြီး နိုင်ငံတကာမှ စာပေအဖွဲ့များကိုလည်း မြန်မာနိုင်ငံသို့ လာရောက်လေ့လာနိုင်ရေးအတွက်ကိုလည်း စီစဉ်ပေးနိုင်ခဲ့ကြောင်း၊ ရန်ကုန်မြို့၌ မီဒီယာကော်နာများ အောင်အောင်မြင်မြင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ရန်ကုန်မြို့နည်းတူ အခြားမြို့ကြီးများ၌လည်း မီဒီယာကော်နာများ ဖွင့်လှစ်နိုင်ရေး စီစဉ်လျက်ရှိကြောင်း။

ISBN ကိစ္စ အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိရာတွင်လည်း အသင်းဝင်ကြေးပေးသွင်းရန်သာ ကျန်တော့သည်ဟု သိရကြောင်း၊ မကြာခင်ကာလတွင် ISBN ကိစ္စ အောင်မြင်ပါက စာပေလောကသားများအတွက်လည်းကောင်း၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့အတွက်လည်းကောင်း အကျိုးကျေးဇူးများ ရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ၂၀၀၅ ခုနှစ်တွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးအား စာပေလောကသားများအတွင်း ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးဦးဆောင်နိုင်ရေးအတွက်လည်း ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း။

ဂျာနယ်လောကသားများ၊ အထူးသဖြင့် လူငယ်လူရွယ်များ အတွေ့အကြုံရရှိစေရန် B.A Journalism Course ကို ဖော်ဆောင်ပေးခဲ့ကြောင်း၊ ယနေ့လူငယ် နောင်ဝယ်အင်အားဖြစ်စေရေးအတွက် စာပေပညာရှင်ကြီးများအနေဖြင့် လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းအမျိုးမျိုးဖွင့်လှစ်၍ သင်ကြားလေ့ကျင့်ပေးစေလိုကြောင်း၊ အဖွဲ့တစ်ဖွဲ့နှင့်တစ်ဖွဲ့အတွင်း၊ လောကသားများအတွင်း ဖြစ်ပေါ်လာသည့် ဝိရောဓိများကိုလည်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ တရားတဘောင်ရင်ဆိုင်ရမည့် ဝိရောဓိများကိုပင်တာဝန်ယူ၍ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ဤကဲ့သို့ ညှိနှိုင်းပံ့ပိုး ဆောင်ရွက်ပေးခဲ့မှုများသည် အပေါ်ယံသဘောမဟုတ်ဘဲ စေတနာအရင်းခံဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့တွင် ယနေ့အခါ၌ အဖွဲ့ဝင်ဦးရေ ၈၂၂၃ ဦး ရှိနေပြီဟု သိရကြောင်း၊ အဖွဲ့ရန်ပုံငွေ၊ သက်ကြီးရန်ပုံငွေနှင့် စာပေရန်ပုံငွေများလည်းရှိကြောင်း၊ အသင်းဝင် ပိုမိုများပြားလာအောင်၊ ရန်ပုံငွေတိုးတက်လာအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စာပေထုတ်ဝေခွင့်များနှင့် စပ်လျဉ်း၍လည်း ဖြေလျှော့မှုများဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ခုနစ်မျိုးထုတ်တင်စနစ်ဖြင့် ထုတ်ဝေခွင့်ရရှိနေပြီဖြစ်ကြောင်း၊ နောင်ထုတ်တင်စနစ်အားလုံးရရှိသည်အထိ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့အနေဖြင့် အတိတ်ဖြစ်စဉ်မှ အားနည်းမှုများကို သင်ခန်းစာယူ၍ ပစ္စုပ္ပန်နှင့် အနာဂတ်တို့တွင် လက်ရှိအနေအထားထက် ပိုမိုတိုးတက်အောင်မြင်မှုများရရှိအောင် ကြိုးပမ်းပြင်ဆင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ဖြင့်သွားရာတွင် ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်ဟူသည့် မဏ္ဍိုင် (၃)ရပ် တည့်မတ်ခိုင်မာရေးအတွက် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် စာနယ်ဇင်းမဏ္ဍိုင်က စောင့်ကြည့်တည့်မတ်ရန်လိုကြောင်း၊ ဒီမိုကရေစီအောင်မြင်ရေးမှာ ပြည်သူများက အဓိကဖြစ်သဖြင့် ပြည်သူများကို ပဉ္စမ မဏ္ဍိုင်ဟု မိမိတင်စားခဲ့ကြောင်း။

Globalization ခေတ်တွင် သတင်းအချက်အလက်၊ ဖြစ်စဉ်ဖြစ်ရပ်များ ပိုမိုကျယ်ပြန့်လာပြီဖြစ်ရာ အကြောင်းရပ်တစ်ခုနှင့်စပ်လျဉ်း၍ တစ်ဖက်တည်းက ရပ်တည်ပြီးရေးမည့်အစား ဘက်စုံထောင့်စုံက ရေးသားဖော်ပြမှုသာ ပဉ္စမ မဏ္ဍိုင်ဖြစ်သည့် ပြည်သူများအနေဖြင့် အမှန်ကို ပိုမိုသိမြင်နိုင်မည်ဟု ယူဆကြောင်း၊ စာပေနှင့်စာနယ်ဇင်းများအနေဖြင့် Wave တိုင်းကို သတိထားပြီး မှန်ကန်သည့်ဘက်က ရပ်တည်ရန်လိုကြောင်း။

ယနေ့ကာလတွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းလောကသားများအနေဖြင့် အမျိုးသားရေးကိုသာ ဦးတည်သင့်သည်ဟုယူဆကြောင်း၊ အနာဂတ်တွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့အနေဖြင့် စာရေးဆရာအလွှာ၊ ပုံနှိပ်ထုတ်ဝေအလွှာ၊ ကာတွန်းအလွှာ၊ သတင်းထောက်အလွှာ စသည့် အလွှာအသီးသီးဖြင့် ညီညွတ်သည့် စာပေစာနယ်ဇင်းအဖွဲ့ဖြစ်သင့်သည်ဟု ယူဆကြောင်း။



**မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ စာရေးဆရာအလွှာ၊ ပုံနှိပ်၊ ထုတ်ဝေ၊ ဖြန့်ချိအလွှာနှင့် စာနယ်ဇင်းအလွှာတို့မှ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

စာနယ်ဇင်းဆိုင်ရာ ပြဿနာများကို ဖြေရှင်းပေးရန်အတွက် နိုင်ငံတကာ၌ ဖွဲ့စည်းဆောင်ရွက်နေသော Press Council ကဲ့သို့ အဖွဲ့အစည်းမျိုးကိုလည်း မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က အနာဂတ်တွင်မည်သို့ ဖွဲ့စည်းသွားသင့်သည်ကို စဉ်းစားဆောင်ရွက်သင့်ကြောင်း။

နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် အမြဲလက်တွဲသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကလည်း သမိုင်းအစဉ်အလာကောင်းများကို ထိန်းသိမ်း၍ နိုင်ငံတော်အစိုးရနှင့် လက်တွဲဆောင်ရွက်သွားမည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက မိမိတို့အနေဖြင့် နိုင်ငံတော်၏ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာများကို အလေးထားကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် မီဒီယာများအား လွတ်လွတ်လပ်လပ် သတင်းယူခွင့်ပေးလျက်ရှိကြောင်း၊ ယင်းသို့ သတင်းများရယူကြရာ၌ သတင်းအချက်အလက်များ မှန်မှန်ကန်ကန်ဖြင့် ရေးသားကြစေလိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် မီဒီယာများအား တတ်နိုင်သမျှ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က ပြည်ထောင်စုဝန်ကြီး၏ မှာကြားချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း၊ အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က အဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ (၃) ဦးကိုကိုလှိုင်(ကိုကိုလှိုင်)က နိုင်ငံတကာ မီဒီယာလောက၌ Press Council များ ဖွဲ့စည်းထားမှုနှင့် ရန်ပုံငွေကိစ္စရပ်များကို လည်းကောင်း တင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးမှာကြားပြီး မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)



**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

## ရာမာယဏဇာတ်တော်ကြီး

## ဒီဇင်ဘာ(၁၇ နှင့် ၁၈ )ရက်တွင် တင်ဆက်ကပြမည်

ရန်ကုန် ဒီဇင်ဘာ ၁၃

**နှစ်ပေါင်း (၆၀)ကျော် ပျောက်ကွယ်နေသည့် ယနေ့ခေတ်လူငယ်၊ လူရွယ်များ မသိမီလိုက်သော မြန်မာ့ရိုးရာ နန်းတွင်း ရာမာယဏဇာတ်တော်ကြီး ဇာတ်ဝင်ခန်းအပြည့်အစုံကို ရိုးရာယဉ်ကျေးမှုအမွေထိန်းသိမ်းသည့်အနေဖြင့် အဏ္ဏဝါသီရိရာမနှင့် အိုးဘိုရာမတို့ ပူးပေါင်း၍ ပြန်လည်ဖော်ထုတ် တင်ဆက်ကပြမည်ဖြစ်သည်။**

ရာမာယဏသည် ဘိုးတော်ဘုရားလက်ထက်ကပင် နန်းတွင်းဇာတ်တော်ကြီးအဖြစ် ရာမရကန်ကို ရေးသားခဲ့သူ မြန်မာစာဆိုကြီး ဦးတိုးက ဇာတ်စာ၊ ဇာတ်စကားများ ရေးသားခဲ့ပြီး မြဝတီမင်းကြီး ဦးစ ဦးဆောင်၍ ၁၁၅၁ ခုနှစ် နတ်တော်လဆန်း ၁ ရက်တွင် စင်တင်ကပြခဲ့ကြရာမှ ယနေ့ နတ်တော်လဆန်း ၁ ရက်တွင် “ရာမဇာတ်တော်ကြီး” ကပြခဲ့သည်မှာ နှစ်ပေါင်း ၂၂၂ နှစ်ရှိပြီဖြစ်သည်။

ရာမာယဏဇာတ်တော်ကြီးကပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ညစဉ် ည ၇နာရီမှစတင် ကပြတင်ဆက်သွားမည်ဖြစ်ပြီး လက်မှတ်များကို ဒီဇင်ဘာ ၁၄ ရက်မှစ၍ အမျိုးသားဇာတ်ရုံနှင့် အမှတ် (၁၄/က) ကြားတောရလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ဝယ်ယူနိုင်ကြောင်းနှင့် လက်မှတ်များကို ငွေကျပ် ၆၀၀၀၊ ငွေကျပ် ၄၀၀၀ နှင့် ငွေကျပ် ၃၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

(ရီရီမြင့်-သတင်းစဉ်)

# ရပ်ရွာစွန့်ခွာတိမ်းရှောင်သူများ ပိုင်ဆိုင်မှုများကို စွန့်ခွာခဲ့ကြရသည်ဖြစ်၍ စိတ်ဓာတ်ရေးရာ များစွာထိခိုက်ခံစားနေကြရ လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် ဒေသတွင်းလုံခြုံမှုပြန်လည်ရရှိရေး ကြိုးပမ်းပေးကြရန် ကော်မရှင်ကမေတ္တာရပ်ခံ

နေပြည်တော် ဒီဇင်ဘာ ၁၃

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ယနေ့တွင် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။ အဆိုပါ သတင်းထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ထုတ်ပြန်ချက်

၁။ ကချင်ပြည်နယ်တွင် ၂၀၁၁ ခုနှစ် ဇွန်လဆန်းမှစ၍ လက်နက်ကိုင်ပဋိပက္ခကြောင့် ရပ်ရွာစွန့်ခွာတိမ်းရှောင်လာသော ပြည်သူများအား ကချင်ပြည်နယ်အစိုးရ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် လူမှုရေးထောက်ပံ့ကူညီမှုပေးထားသောစခန်းများနှင့် နယ်မြေအခြေအနေကိုသိရှိနိုင်ရန်နှင့် အကူအညီပေးရန် လိုအပ်မှုအခြေအနေ သိရှိနိုင်ရန်အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အတွင်းရေးမှူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်လေးဦးသည် (၈-၁၂-၂၀၁၁)မှ (၁၀-၁၂-၂၀၁၁)အထိ ကချင်ပြည်နယ်သို့ သွားရောက်ခဲ့ပါသည်။

၂။ ယင်းအဖွဲ့သည် မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်မြို့နယ်များသို့ သွားရောက်ကာ သက်ဆိုင်ရာတာဝန်ရှိသူများအပြင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများ၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများနှင့် မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကာ သက်ဆိုင်ရာ ကာယကံရှင်များနှင့် တွေ့ဆုံမေးမြန်းမှုများကို ပြုလုပ်နိုင်ခဲ့ပါသည်။ ရပ်ရွာစွန့်ခွာတိမ်းရှောင်လာသူ (၁၄၁၁၃) ဦးအား ကချင်ပြည်နယ်တွင်းရှိ မြို့နယ် (၁၁) မြို့နယ်၏ စခန်းပေါင်း (၅၉) ခု၌ ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် စောင့်ရှောက်ထားကြောင်း သိရှိရပါသည်။ မြို့နယ် (၁၀) ခုမှ ကျောင်းသားပေါင်း (၇၈၇၂) ဦး ပညာသင်ကြားနေသည့် စာသင်ကျောင်းပေါင်း (၅၁) ကျောင်းကို ပိတ်ထားခဲ့ရရာ ယင်းကျောင်းသားများအနက် စခန်းများသို့ ရောက်ရှိလာကြသော ကျောင်းသူ၊ ကျောင်းသားမှန်သမျှကို ပညာဆက်လက်သင်ယူနိုင်ရန် ပြည်နယ်အစိုးရက စီစဉ်ဆောင်ရွက်ပေးနေကြောင်း တွေ့ရှိရပါသည်။ ပညာသင်ယူနေသူ ကျောင်းသူ၊ ကျောင်းသားဦးရေမှာ (၃၁၅၃) ဦးဖြစ်ပါသည်။

၃။ ကချင်ပြည်နယ်အစိုးရအဖွဲ့၏ စနစ်တကျ ညှိနှိုင်းဆောင်ရွက်ပေးမှုဖြင့် အစိုးရဌာနများ၊ ပြည်တွင်းလူမှုအဖွဲ့အစည်းများအပါအဝင် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ လူမှုရေးအထောက်အပံ့ပစ္စည်းများကို ခွဲဝေပေးနိုင်သဖြင့် စခန်းရှိပြည်သူများ၏ နိစ္စဓူဝအခြေခံလိုအပ်ချက်များ ဖြည့်ဆည်းနိုင်သည်ကို တွေ့ရသော်လည်း ဆောင်းရာသီရောက်လာသဖြင့် အအေးဒဏ်ကာကွယ်နိုင်ရန် စောင်နှင့်အနွေးထည်များ လိုအပ်မှုရှိနေသေးသည်ကို တွေ့ရပါသည်။ ယာယီတဲတန်းလျားများတွင် အိမ်ထောင်စုများ အတူရောပြွမ်းနေထိုင်ရသဖြင့် အထူးသဖြင့် ကလေးငယ်ရှိသောမိသားစုများ အခက်အခဲကြုံတွေ့လျက်ရှိနေကြပါသည်။ တစ်ဦးချင်းမေးမြန်းချက်အရ သိရှိရသည်မှာ အားလုံးလိုလို မိမိတို့နေရပ်ဒေသသို့ ပြန်လိုကြသည်ကို တွေ့ရှိရပါသည်။ အထူးသဖြင့် ကလေးငယ်များ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုရရှိကြပြီး သက်ကြီးပိုင်းတွင်လည်း မိမိကိုယ်ကိုမိမိ ယုံကြည်မှုလျော့နည်းလာပြီး စိတ်လုံခြုံမှုမရှိသည့် ခံစားချက်များရှိနေကြကြောင်းကို သိရှိရပါသည်။

၄။ ထို့အပြင် လိုင်ဇာဘက်ခြမ်းတွင်ရောက်ရှိနေသော ရပ်ရွာစွန့်ခွာတိမ်းရှောင်နေသူများအတွက် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ကချင်ပြည်နယ်အစိုးရ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှ လှူဒါန်းသော လူမှုအထောက်အကူပစ္စည်းများ ဗန်းမော်မြို့မှ လိုင်ဇာဘက်သို့ပို့နိုင်ရေးအတွက် ကော်မရှင်မှ သက်ဆိုင်ရာများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် လူမှုရေးအကူအညီများ ပေးအပ်ရေးကိစ္စတွင် အလားတူ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

၅။ ကော်မရှင်မှ အောက်ပါအတိုင်းသုံးသပ်အကြံပြုအပ်ပါသည်-

(က) ကချင်ပြည်နယ်အစိုးရအနေဖြင့် ရပ်ရွာစွန့်ခွာတိမ်းရှောင်လာသော ပြည်သူများအနက် လက်လှမ်းမီသော ဒေသများရှိ ပြည်သူ(၁၄၀၀၀) ကျော်၏ အခြေခံလိုအပ်ချက်များရရှိအောင် ကောင်းစွာ ကူညီစောင့်ရှောက်ထားခြင်းအား ကော်မရှင်က အသိအမှတ်ပြုပါသည်။

(ခ) ပြည်နယ်အစိုးရသည် အစိုးရဌာနများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းပရဟိတအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများကို စနစ်တကျ စီမံခန့်ခွဲ၍ ထိရောက်မှုရှိရေး၊ လေလွင့်ဆုံးရှုံးမှုမရှိရေးတို့အား အလေးအနက်ထား တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည့်အတွက်လည်း ကော်မရှင်အနေဖြင့် နှစ်ထောင်းအားရဖြစ်မိပါသည်။

(ဂ) တိမ်းရှောင်ရောက်ရှိလာသော မိသားစုဝင်များ၏ အခြေခံပညာသင်ယူနေသည့် ကလေးငယ်များအားလုံး ၎င်းတို့သင်ယူနေဆဲ အခြေခံပညာအတန်းများတွင် ပညာဆက်လက်သင်ယူရန် ဆောင်ရွက်ပေးမှုကိုလည်း လေ့လာသိရှိခွင့်ရရှိခဲ့ပြီး ကြည်နူးဝမ်းမြောက်စွာ ခံစားမိပါသည်။

(ဃ) ယင်းသို့ရောက်ရှိလာသော မိသားစုများ၏ အခြေခံကျန်းမာရေးကို စောင့်ရှောက်ပေးရုံသာမက ဆေးရုံတက်ရောက်ကုသနေရသော မကျန်းမာသူများ၊ မြေမြှုပ်မိုင်းထိမှန်သူအပါအဝင် ဒဏ်ရာရသူများ၊ စုစုပေါင်း (၁၇၇)ယောက်အား အသေအပျောက်မရှိ အခမဲ့စောင့်ရှောက်ကုသပေးနိုင်ခဲ့ခြင်းကို အသိအမှတ်ပြု မှတ်တမ်းတင်အပ်ပါသည်။ အပြစ်မဲ့ပြည်သူများကို ထိခိုက်အနာတရဖြစ်စေသော မြေမြှုပ်မိုင်း အသုံးပြုမှုကို ရှောင်ရှားကြရန်လည်း တိုက်တွန်းအပ်ပါသည်။

(င) ၎င်းဒေသအတွင်း တိုက်ပွဲများ စတင်ဖြစ်ပွားသော ဇွန်လ ၉ ရက်နေ့မှ ဒီဇင်ဘာလ ၉ ရက်နေ့အထိ ရပ်ရွာစွန့်ခွာတိမ်းရှောင်လာသူမိသားစုများအတွက် ဒေသဆိုင်ရာဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များမှ လှူဒါန်းသည့်ပစ္စည်းများအပြင် အစိုးရဌာနများ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့အစည်းများမှ လှူဒါန်းငွေပစ္စည်းတန်ဖိုး စုစုပေါင်းကျပ် (၁၄၀၇ ဒသမ ၈၇) သန်းကျော်ရှိပါသည်။ ကော်မရှင်မှ ၎င်းအဖွဲ့အစည်းများ၏ လှူဒါန်းကူညီမှုအား အသိအမှတ်ပြုပါသည်။ လှူဒါန်းမှုမပြုရသေးသည့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းကြီးများမှလည်း ပါဝင်လှူဒါန်းသင့်ကြောင်း တိုက်တွန်းပါသည်။

(စ) အထက်ဖော်ပြပါ ရပ်ရွာစွန့်ခွာတိမ်းရှောင်လာသော ပြည်သူ (၁၄၀၀၀)ကျော်နှင့် လိုင်ဇာနှင့် တရုတ်-မြန်မာနယ်စပ်အနီးရှိ မိုင်ဂျန်ယန်ရွာတို့တွင်လည်း ရပ်ရွာစွန့်ခွာတိမ်းရှောင်သူများ မိမိတို့ရပ်ရွာ၊ အိုးအိမ်၊ လယ်ယာမြေစိုက်ခင်းများ၊ ကျွဲ၊ နွားတိရစ္ဆာန်များ၊ အခြားပိုင်ဆိုင်မှုများကို စွန့်ခွာခဲ့ကြရသည်ဖြစ်၍ ၎င်းတို့တွင် လူမှုရေး၊ စီးပွားရေး၊ စိတ်ဓာတ်ရေးရာ များစွာထိခိုက်ခံစားနေကြရမည်ဟု ယုံကြည်ပါသည်။ သို့ပါ၍ လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် ဒေသတွင်းလုံခြုံမှု ပြန်လည်ရရှိရေးကြိုးပမ်းပေးကြပါရန် ကော်မရှင်အနေဖြင့် မေတ္တာရပ်ခံတိုက်တွန်းပါသည်။

(ဆ) ကော်မရှင်အဖွဲ့ဝင်များသည် (၉-၁၂-၂၀၁၁) ရက်နေ့ နံနက်ပိုင်းတွင် မြစ်ကြီးနားအကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြပါသည်။ အကျဉ်းထောင်အတွင်းရှိ အဆောင်တိုင်းသို့ သွားရောက်၍ အကျဉ်းသားများနှင့် တွေ့ဆုံခဲ့ကြပါသည်။ အကျဉ်းသားများ၏ ကျန်းမာရေး၊ စားသောက်ရေးနှင့် အကျဉ်းထောင်သန့်ရှင်းရေး အခြေအနေများ ကောင်းမွန်သည်ဟု ယူဆပါသည်။ နေ့စဉ် ရုပ်မြင်သံကြားကြည့်ရှုခွင့်ရရှိပြီး စာကြည့်တိုက်မှ စာပေဖတ်ရှုခွင့်ရရှိနေကြောင်း တွေ့ရှိရပါသည်။ တစ်ဖက်တွင်လည်း အကျဉ်းထောင်တွင်သတ်မှတ်ထားသော အကျဉ်းသားအရေအတွက်ထက် အကျဉ်းသားဦးရေများပြားလျက်ရှိသည်ကို တွေ့ရှိရပါသည်။ သို့ပါ၍ ယခုကိစ္စကို အတတ်နိုင်ဆုံး ဆောလျင်စွာဖြေရှင်းသင့်ပါကြောင်းနှင့် လက်ရှိဆောင်ရွက်နေသော ဘာသာရေးအစီအစဉ်အပြင် ဘာသာတိုင်းအတွက် ဘာသာရေးတရားဟောပွဲများ ပြုလုပ်ပေးသင့်ကြောင်း ကော်မရှင်မှ အကြံပြုအပ်ပါသည်။

(ဇ) ပြည်ထောင်စုအစိုးရ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုအရ ငြိမ်းချမ်းရေးရရှိရေးအတွက် နှစ်ဦးနှစ်ဖက်ကြိုးပမ်းခဲ့မှုများ၊ ကြိုးပမ်းနေဆဲလုပ်ငန်းများကိုလည်း သိရှိခွင့်ရရှိခဲ့ပါသည်။ လက်နက်ကိုင်တိုက်ခိုက်မှုများရပ်တန့်၍ ပဋိပက္ခများချုပ်ငြိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ရန်အတွက် ဆက်လက်တွေ့ဆုံဆွေးနွေးခြင်းကို အောင်မြင်စွာ ဖော်ဆောင်ပါရန် ကော်မရှင်က အလေးအနက်ထား အကြံပြုတိုက်တွန်းအပ်ပါသည်။ လတ်တလောကြားသိရသော သတင်းများအရ နိုင်ငံတော်သမ္မတမှ တပ်မတော်အား ကချင်ပြည်နယ်တွင်ရှိသော မိမိတပ်များအနေဖြင့် ခုခံကာကွယ်ရုံမှအပ ပစ်ခတ်တိုက်ခိုက်ခြင်း၊ KIA တပ်စခန်းများအား ချီတက် ထိုးစစ်ဆင်တိုက်ခိုက်ခြင်းများမပြုလုပ်ရန် ညွှန်ကြားကြောင်း သိရှိရပါသဖြင့် ကော်မရှင်မှ လှိုက်လှဲစွာ ထောက်ခံကြိုဆိုအပ်ပါသည်။ တစ်ဖက်လက်နက်ကိုင်အဖွဲ့အစည်းမှလည်း အလားတူ လိုက်နာဆောင်ရွက်ရန် အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၃) ရက်**

# ကောင်းမွန်၊ သန့်ရှင်းသည့်အစိုးရပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ ပထမဆုံး ပါလီမန်ဒီမိုကရေစီစနစ်အခြေခံ၍ တင်မြှောက်သည့်အရပ်သားအစိုးရဖြစ်

နေပြည်တော် ဒီဇင်ဘာ ၁၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၈ ရက်မှ ၉ ရက်အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီတွင်ကျင်းပသည့် စတုတ္ထအကြိမ် ဘာလီဒီမိုကရေစီဖိုရမ်ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။**

စတုတ္ထအကြိမ် ဘာလီဒီမိုကရေစီဖိုရမ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၉ ရက် နံနက် ၁၀ နာရီတွင် ဘာလီရှိ ဘာလီအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပခဲ့ရာ အာရှဒေသမှ အင်ဒိုနီးရှားနိုင်ငံ သမ္မတ၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ်၊ သီရိလင်္ကာသမ္မတ၊ ဖိလစ်ပိုင်နိုင်ငံ ဒုတိယသမ္မတ၊ မွန်ဂိုလီးယားဝန်ကြီးချုပ်၊ ကာတာဝန်ကြီးချုပ်၊ တီမောလက်စ်တေနိုင်ငံဝန်ကြီးချုပ် အပါအဝင် နိုင်ငံပေါင်း ၈၄ နိုင်ငံမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့သည်။ ထို့အပြင် အာရှဒေသပြင်ပနိုင်ငံ ၂၄ နိုင်ငံမှ ကိုယ်စားလှယ်များသည်လည်း လေ့လာသူများအဖြစ် တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ မာတီ နာတာလာဂါဝါက တတိယအကြိမ် ဘာလီဒီမိုကရေစီဖိုရမ်ကျင်းပပြီးနောက် ဆောင်ရွက်မှုများနှင့် ပတ်သက်၍လည်းကောင်း၊ ယခုနှစ် ကျင်းပသည့် ဆွေးနွေးပွဲနှင့် ပတ်သက်၍လည်းကောင်း အစီရင်ခံတင်ပြပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုက အဖွင့်မိန့်ခွန်း ပြောကြားခဲ့သည်။

ဆွေးနွေးပွဲ၌ "ကမ္ဘာကြီးပြောင်းလဲလာမှုတွင် ဒီမိုကရေစီပါဝင်မှုမြှင့်တင်ရေး ဒီမိုကရေစီအသံများအား တုံ့ပြန်ခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက မိန့်ခွန်းပြောကြားကြသည်။ မွန်းလွဲပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ သမ္မတက ဘာလီအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ ဒုတိယဝန်ကြီး ဦးမောင်မြင့် တက်ရောက်ခဲ့သည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် အပါအဝင် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြားကြသည်။

ဒုတိယဝန်ကြီးက ပြောကြားရာ၌ အစိုးရသစ်အနေဖြင့် နိုင်ငံတွင်း ဒီမိုကရေစီမြှင့်တင်နိုင်ရေးအတွက် ကောင်းမွန်၊ သန့်ရှင်းသည့် အစိုးရပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအစိုးရသစ်သည် နှစ်ပေါင်း ၅၀ အတွင်း ပထမဆုံး ပါလီမန်ဒီမိုကရေစီစနစ်ကို အခြေခံ၍ ရွေးချယ်တင်မြှောက်သည့် အရပ်သားအစိုးရဖြစ်ကြောင်း၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်များ ပေါ်ပေါက်လာပြီး ပြည်သူနှင့် နိုင်ငံရေးပါတီများအတွက် နိုင်ငံရေးလှုပ်ရှားမှုအခွင့်အလမ်းများ ပေါ်ပေါက်လာခြင်းသည် မြန်မာ့နိုင်ငံရေးသမိုင်းတွင် ပြောင်းလဲမှုတစ်ရပ်ဖြစ်ကြောင်း၊ အစိုးရသစ်တာဝန်ယူခဲ့သည့် ရှစ်လအတွင်း စီးပွားရေး၊ လူမှုရေးနှင့် မူဝါဒရေးရာများ အဆက်မပြတ် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ကြောင်းနှင့် ဆင်းရဲမှုပပျောက်ရေး မူဝါဒများ ချမှတ်ခဲ့သည့် ကိစ္စရပ်များကို ပြောကြားခဲ့သည်။

ဆက်လက်၍ ဒီမိုကရေစီစနစ်အားလုံးတွင် တူညီသော သဘောသဘာဝနှင့် လက္ခဏာများရှိကြသော်လည်း ဒီမိုကရေစီစနစ်ကို တစ်ပုံစံတည်း၊ တစ်သမတ်တည်းသတ်မှတ်၍ မရနိုင်ကြောင်း၊ ဒီမိုကရေစီကို ဖော်ဆောင်ရာတွင် နိုင်ငံတစ်နိုင်ငံ၏ နောက်ခံသမိုင်း၊ လူနေမှုဘဝ၊ ယဉ်ကျေးမှု၊ ဘာသာရေး အခြေအနေများပေါ်တွင် မူတည်၍ ပြောင်းလဲရခြင်းဖြစ်ကြောင်း၊ မိမိနိုင်ငံအခြေအနေနှင့် အသင့်လျော်ဆုံးဖြစ်မည့် ဒီမိုကရေစီစနစ်ကို ရွေးချယ်ချမှတ်ရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လက်ရှိကာလတွင် ဒီမိုကရေစီ လမ်းကြောင်းပေါ်သို့ စတင်ရောက်ရှိနေပြီဖြစ်ကြောင်း၊ သို့ရာတွင် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိစသာဖြစ်ပြီး ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ဆောင်ရွက်ရန် များစွာရှိနေသေးကြောင်း၊ မြန်မာနိုင်ငံ ဒီမိုကရေစီ လမ်းကြောင်းပေါ်သို့ ရောက်ရှိရန် နိုင်ငံတကာမှ လက်တွေ့ကျကျ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနေ့ ညပိုင်းတွင် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအား အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ မာတီ နာတာလာဂါဝါက ဘာလီအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းတွင် "ဒီမိုကရေစီအသံများကို တုံ့ပြန်နိုင်သည့် နိုင်ငံ့စွမ်းရည်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် " ဒီမိုကရေစီကို ဖော်ဆောင်ရာတွင် အရပ်သားလူမှုအဖွဲ့အစည်းမှ ပါဝင်မှုရှိစေရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)



**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီတွင်ကျင်းပသည့် စတုတ္ထအကြိမ် ဘာလီဒီမိုကရေစီဖိုရမ်ဆွေးနွေးပွဲတွင် မိန့်ခွန်းပြောကြားစဉ်။** (သတင်းစဉ်)

## ထူးခြားသည့် ညအပူချိန်များ
**၁၃-၁၂-၂၀၁၁**

ဟားခါး
၁ ဒီဂရီစင်တီဂရိတ်
လွိုင်လင်
၆ ဒီဂရီစင်တီဂရိတ်

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဆွေးနွေးဖက်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ လာရောက်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား (၁၁)ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် ဒီဇင်ဘာ ၉ ရက်တွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံခဲ့ကြရာ ဂျပန်နိုင်ငံ ပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Kimiaki Matsuzaki နှင့် ဒုတိယဝန်ကြီး H.E. Mr. Tetsuo Yamakawa အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် လာရောက်တွေ့ဆုံ၍ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များ၊ Data Centre ကိစ္စရပ်များ၊ e-government နှင့်ဆိုင်ရာ e-banking ကိစ္စရပ်များ၊ မြန်နှုန်းမြင့် အင်တာနက်နည်းပညာဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ထို့အတူ အိန္ဒိယ ဆက်သွယ်ရေးနှင့် အိုင်တီဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Hon Sachin Pilot နှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် လာရောက်တွေ့ဆုံ၍ မိုးရေး-မန္တလေး ဖိုင်ဘာဆက်ကြောင်းကိစ္စရပ်များ၊ ရိဒ်နှင့် တာကာအကြား မိုက္ကရိုဝေ့ဗ်ဆက်သွယ်မှုကိစ္စရပ်များ၊ မိုဘိုင်းဆက်သွယ်မှုကိစ္စရပ်များနှင့် ကုန်းတွင်းဖြတ်၍ အိန္ဒိယမှတစ်ဆင့် ဥရောပနှင့် အာဖရိကသို့ ဖိုင်ဘာဆက်ကြောင်း ဆက်သွယ်လိုမှု ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြ သည်။

အလားတူ အိုင်တီယူ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် H.E. Mr. Houlin Zhao နှင့်အဖွဲ့သည် ညနေ ၃ နာရီတွင် လာရောက်တွေ့ဆုံ၍ ဈေးကွက်ဆိုင်ရာနှင့် ဥပဒေဆိုင်ရာကျွမ်းကျင်သူများ စေလွှတ်ပေးရေးနှင့် မြန်နှုန်းမြင့် အင်တာနက်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## လာရောက်တွေ့ဆုံ

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား ဂျပန်နိုင်ငံ ပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Kimiaki Matsuzakiနှင့် ဒုတိယဝန်ကြီး H.E. Mr. Tetsuo Yamakawa အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)



# ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် အစည်းအဝေးတက်ရောက်ရန် ထွက်ခွာ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပမည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဝန်ကြီးများအဆင့် (၈)ကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်ရန် ဒီဇင်ဘာ ၁၂ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပမည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဝန်ကြီးများအဆင့် (၈)ကြိမ်မြောက် အစည်းအဝေးတက်ရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။** (သတင်းစဉ်)

**❐ ရွှေဖုံးမှ**

သံဆန်ခါကွက်(ပိုက်ကွက်) ပုံသဏ္ဌာန်မျိုးရှိသော သာမိုပလတ်စတစ်သစ်စေး (Thermoplastic Resin)ကို အသုံးပြုပြီး လေထိုးရန် မလိုအပ်ဘဲ ထောက်ကန်ထားနိုင်ကြောင်း ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လေမထိုးဘဲ လည်ပတ်နိုင်သော တာယာဖြစ်သဖြင့် ဘီးပေါက်သည့် ပြဿနာမှ ရှောင်ရှားနိုင်သည့်အပြင် တာယာအတွင်းရှိ ဖိအားကိုလည်း စစ်ဆေးကြည့်ရန် မလိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

လေထိုးရန်မလိုသော တာယာ၏ ထူးခြားသွင်ပြင်တစ်ရပ်မှာ ကွေးညွှတ်နေသော စပုတ်တိုင်များဖြစ်ပြီး တွန့်လိမ်သွားခြင်းမရှိသော ကွေးညွှတ်နိုင်သည့် စပုတ်တိုင်များအဖြစ် အသုံးတော်ခံနိုင်သည်။

ယင်းစပုတ်တိုင်ပြုလုပ်သော ပစ္စည်းမှာ သာမိုပလတ်စတစ် သစ်စေးဖြစ်ပြီး တာယာဟောင်းဖြစ်သည့် အချိန်တွင် တစ်ကျော့ပြန်ထုတ်လုပ်မှု (recycling) ပြုလုပ်နိုင်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။ သာမိုပလတ်စတစ်သစ်စေးသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်ခြင်းမရှိပေ။

ဘရေ့ဂျ်စတုန်းကုမ္ပဏီ၏ လေထိုးရန်မလိုသော တာယာကို လျှပ်စစ်ကားများ၏ ဘီးတာယာအဖြစ် အသုံးပြုနိုင်သည်။ လောလောဆယ်ကာလ၌ ယင်းတာယာအမျိုးအစားသစ်ကို အနည်းအကျဉ်း ထုတ်လုပ်သွားမည်ဖြစ်ပြီး တစ်စတစ်စဖြင့် လက်ရှိထုတ်လုပ်နေသော ကားများ၌ အသုံးပြုသွားရန်အတွက် အမြောက်အမြားထုတ်လုပ်သွားရန် စီမံကိန်းချမှတ်ထားသည်။ **အင်တာနက်။**



**ဘရေ့ဂျ်စတုန်းကုမ္ပဏီက ထုတ်လုပ်သော လေထိုးရန်မလိုသည့် မော်တော်ကားတာယာကို တွေ့ရစဉ်။**

# ယာဉ်အစားထိုးလဲလှယ်တင်သွင်းမှု လက်ကျန် ၂၉၇ စီးရှိ Deposit တင်ထားသည့်ယာဉ်များ နေ့ချင်းပြီး ထုတ်ယူနိုင်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ယာဉ်အစားထိုး လဲလှယ်တင်သွင်းမှုများကို အောက်တိုဘာ ၂၇ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၁၂ ရက်အထိ စစ်ဆေးပြီးယာဉ် ၂၆၄၈ စီး၊ ထုတ်ယူပြီးယာဉ် ၂၃၅၁ စီး၊ တားဆီးယာဉ် ၃၅ စီး၊ လက်ကျန်ယာဉ် ၂၉၇ စီး ရှိကြောင်း၊ ယာဉ်အစားထိုး လဲလှယ်တင်သွင်းမှုနှင့် ပတ်သက်၍ ရုံးလုပ်ငန်းစစ်ဆေးရေးအဖွဲ့တွင် သီးခြားအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပြီး ရုံးလုပ်ငန်း စာရွက်စာတမ်း စစ်ဆေးမှုအပိုင်းတွင် လုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်ရေးအတွက် ယခင်က အဆင့်ကိုးဆင့်ရှိရာမှ ယခု အဆင့် ခုနစ်ဆင့်သို့ လျှော့ချပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ မြေပြင် စစ်ဆေးမှုအပိုင်းတွင်လည်း သီးခြားစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းပြီး ကြန့်ကြာမှုမရှိစေရေး၊ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ဖြစ်စေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း၊ Deposit တင်ထားသည့် ယာဉ်များအား နေ့ချင်းပြီး ထုတ်ယူနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိကြောင်း သိရှိရသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အေးရှားဝေါလ်ဆိပ်ကမ်း၌ ယာဉ်အစားထိုး လဲလှယ်တင်သွင်းနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးအား အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသိန်းက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ယာဉ်အစားထိုး လဲလှယ်တင်သွင်းမှုနှင့် ပတ်သက်၍ ကြန့်ကြာမှုနှင့် မသမာမှုများ မရှိစေရေး၊ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန်ဖြစ်စေရေး၊ ကိုယ်ချင်းစာစိတ်ထား၍ စေတနာထားပြီး ဆောင်ရွက်သွားကြရန်နှင့် မော်တော်ယာဉ်တစ်စီး ရောက်ရှိလာပါက စာရွက်စာတမ်းများ မှန်ကန်ပြည့်စုံလျှင် နှစ်ရက်အတွင်း ထုတ်ပေးနိုင်ရေး စီမံဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း အေးရှားဝေါလ်ဆိပ်ကမ်း၌ ယာဉ်အစားထိုးလဲလှယ်တင်သွင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ ကျွမ်းဘားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

အမှတ်(၃) အခြေခံပညာဦးစီးဌာန ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာ ကျောင်းပေါင်းစုံ ကျွမ်းဘားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ချိန်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ် မြန်မာ့လက်ရွေးစင် ကျွမ်းဘားမောင်မယ်များက မြေပြင်အလွတ်လေ့ကျင့်စဉ်နှင့် ချိန်ဆဘားအားကစားနည်းများကို စွမ်းရည်ပြသကြသည်။

ထို့နောက် ပထမနေ့ပြိုင်ပွဲ၌ မူလတန်းမျိုးဆက်သစ်အဆင့် ကျွမ်းဘားအားကစားမောင်မယ်များပြိုင်ပွဲများနှင့် အလယ်တန်းအဆင့် ကျွမ်းဘားအားကစားမောင်မယ်အဆင့် ပြိုင်ပွဲကို စတင်ကျင်းပကြသည်။

ယခုပြိုင်ပွဲတွင် အစွမ်းအစရှိပြီး အလားအလာရှိသော လူငယ်ကျွမ်းဘားအားကစားမောင်မယ်များကို မျိုးဆက်သစ် လူငယ်များအဖြစ် ရွေးချယ်ကာ လက်ရှိမြန်မာ့လက်ရွေးစင် ကျွမ်းဘားအားကစားမောင်မယ်များနှင့် အတူ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အဆင့်မြင့် ကျွမ်းဘားနည်းပြဆရာမ Mrs. Yang Yun Yinzg က လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာရေးဈေးများမှ ပျံကျဈေးသည်များအား ချေးငွေများထုတ်ချေးပေး

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နယ်စပ်ရေးရာဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးဘဏ်လီမိတက်တို့၏ ချိတ်ဆက်စီမံမှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက အသေးစားငွေကြေးဝန်ဆောင်မှုအဖွဲ့ ဖွဲ့စည်းလျက် ဆင်းရဲနွမ်းပါးသူ ပျံကျဈေးသည်များအား ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ နိုဝင်ဘာ ၃၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့ မြို့မဈေးအတွင်းရှိ ပျံကျဈေးသည်များအား ချေးငွေကျပ် သိန်း ၁၀၀၊ ဒီဇင်ဘာ ၁ ရက်တွင် စဉ့်ကိုင် မြို့မဈေးနှင့် ပလိပ်ဈေးအတွင်း ပျံကျဈေးသည်များအား ချေးငွေကျပ် ၂၀ ဒသမ ၅ သိန်း၊ ပုသိမ်ကြီး အုန်းချော (ရန်ကင်းဈေး)အတွင်း ပျံကျဈေးသည်များအား ချေးငွေ ကျပ် ၃၈ သိန်းနှင့် သပိတ်ကျင်းမြို့ မြို့မဈေးအတွင်း ပျံကျဈေးသည်များအား ချေးငွေကျပ် သိန်း ၄၀ တို့ကို သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိများနှင့် အသေးစားငွေကြေးဝန်ဆောင်မှုအဖွဲ့တို့က ချေးငွေများ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၁၂ ခုနှစ် ဘိန်းစိုက်ရာသီတွင် ဘိန်းစိုက်ပျိုးသည့်ဒေသအလိုက် အစားထိုးဖွံ့ဖြိုးရေး စခန်းငယ်များဖွင့်လှစ်ပြီး ဘိန်းစိုက်ပျိုးမှုပပျောက်ရေးကို ကြိုးတင်တားဆီးလုပ်ဆောင်ကြရမည်

## ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးဆောင်ရွက်ရာတွင် နစ်နာသောတောင်သူများအား ဖြည့်ဆည်းကူညီပေးရန်လို

နေပြည်တော် ဒီဇင်ဘာ ၁၃

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အစည်းအဝေး ၂/၂၀၁၁ ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို တက်ရောက်၍ အမှာစကားပြောကြားသည်။**



ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ "မဟာဗျူဟာ(၂)ရပ်" ဖြစ်သည့် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေး၊ "နည်းဗျူဟာ (၃)ရပ်" ဖြစ်သည့် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေး စသည်တို့ဖြင့် ဘက်ပေါင်းစုံမှ တက်ညီလက်ညီ အားမာန်အပြည့် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုး ထုတ်လုပ်မှုမှာ ၁၉၉၆ ခုနှစ်မှ ၂၀၀၆ ခုနှစ်ထိ လျော့နည်းကျဆင်းခဲ့သော်လည်း ၂၀၀၆ ခုနှစ်မှစ၍ ၂၀၁၁ ခုနှစ်ထိ စိုက်ပျိုးမှုနှင့် ထုတ်လုပ်မှုများ တစ်စတစ်စ တိုးလာခဲ့ရာ စိုက်ပျိုးမှုတိုးလာသည့် အကြောင်းရင်းမှာ ဒေသခံတောင်သူများ၏ ဆင်းရဲမွဲတေမှု၊ အစားအစာ မဖူလုံမှု၊ ဒေသအနေအထားအရ ဝင်ငွေရစေမည့် တရားဝင်သီးနှံများ စိုက်ပျိုးရန် ခက်ခဲမှုများကြောင့် အလွယ်တကူ စိုက်ပျိုးဖြစ်ထွန်းပြီး ဝင်ငွေရလွယ်မည့် ဘိန်းစိုက်တောင်သူဘဝကို ပြန်လည်ရောက်ရှိခဲ့ရခြင်းဖြစ်ကြောင်း၊ ထုတ်လုပ်ထွက်ရှိမှုလျော့နည်းကျဆင်းရေးအတွက် ဘိန်းခင်းများ ဖျက်ဆီးရေးကို အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ခဲ့ရာ ယခုနှစ် ဘိန်းစိုက်ရာသီအတွင်း ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်အထိ ၃၅၄၇၀ ဒသမ ၂ ဧက (၁၄၅၃၁ ဟက်တာ) ဖျက်ဆီးနိုင်ခဲ့ရာ ဘိန်းတန်ချိန် ၂၀၂ တန်၊ တစ်နည်းဆိုလျှင် ဘိန်းဖြူတန် ၂၀ ထုတ်လုပ်မှုလျော့ချနိုင်ခဲ့၍ နိုင်ငံတကာကို မရောက်ရှိစေရန် ထိန်းချုပ်နိုင်ခဲ့သော်လည်း ဘိန်းစိုက်တောင်သူ ၇၂၀၀ ကျော်၏ စားဝတ်နေရေးကို ထိခိုက်စေခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ် ဘိန်းစိုက်ရာသီတွင် ဘိန်းစိုက်ပျိုးသည့် ဒေသအလိုက် အစားထိုးဖွံ့ဖြိုးရေးစခန်းငယ်များ ဖွင့်လှစ်ပြီး ဘိန်းစိုက်ပျိုးမှုပပျောက်ရေးကို ကြိုတင်တားဆီးလုပ်ဆောင်ကြရမည် ဖြစ်ကြောင်း၊ မူးယစ်ဗဟိုနှင့် ရန်ကုန်မြို့ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)တို့ ပူးပေါင်း၍ ရှမ်းပြည်နယ် (တောင်ပိုင်း) (၃)မြို့နယ်တွင် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အစားထိုးဖွံ့ဖြိုးရေး၊ လူမှုဘဝမြှင့်တင်ရေး၊ အစားအစာဖူလုံရေး၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် အသေးစား စီးပွားရေးလုပ်ငန်းများ တိုးမြှင့်ရေးစီမံကိန်းများကို ၂၀၁၀ ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ တားဆီးနှိမ်နင်းရေးအပိုင်းတွင်လည်း တားဆီးနှိမ်နင်းရေးအဖွဲ့များမှ နိုင်ငံတကာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့များ အထူးသဖြင့် အိမ်နီးချင်း နိုင်ငံများဖြစ်သော တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်တို့အပြင် DEA, AFP တို့နှင့် သတင်းဖလှယ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးကို အာဆီယံက သတ်မှတ်ထားသည့် ၂၀၁၅ ခုနှစ်ထက်စောပြီး၂၀၁၄ ခုနှစ်တွင်း အပြီးဆောင်ရွက်ရန် ၁၉၉၉-၂၀၀၀ ခုနှစ်မှ စတင်၍ (၁၅)နှစ် စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ စီမံကိန်းကာလ၏ ဒုတိယနှစ်ကုန်ဆုံးခါနီးပြီဖြစ်၍ ကျန်ရှိနေသည့် စီမံကိန်း (၃)နှစ်ကျော်ကာလအတွင်း အဖွဲ့ဝင်များအားလုံးက မိမိတို့ သတ်မှတ်ပေးထားသည့် တာဝန်များကို အရှိန်အဟုန်မြှင့်၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်နှင့် ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ဆောင်ရွက်ရာတွင် နစ်နာသော တောင်သူများအား ဖြည့်ဆည်းကူညီ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်းဖြင့် မှာကြားသည်။

အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အတူ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစစ်အေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကျော်ကျော်ထွန်း၊ ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်းနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ တာဝန်ရှိသူများ၊ ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)၊ အမေရိကန် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အေဂျင်စီ (DEA)၊ ထိုင်းနိုင်ငံမူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ (ONCB)တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယင်းနောက် မူးယစ်ဗဟိုအဖွဲ့အစည်းအဝေး ၁/၂၀၁၁ ၏ ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကျော်ကျော်ထွန်းက ရှင်းလင်းတင်ပြသည်။

ထို့နောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီး တင်မောင်မောင်က ၂၀၁၁-၂၀၁၂ ဘိန်းစိုက်ရာသီတွင် ဘိန်းစိုက်ပျိုးမှု၊ ဖျက်ဆီးမှုအခြေအနေများနှင့် ၂၀၁၂ ခုနှစ် ဘိန်းစိုက်ရာသီတွင် ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးအတွက် အစားထိုးဖွံ့ဖြိုးရေး အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (၁၃)ဖွဲ့တို့မှ တာဝန်ရှိသူများက လုပ်ငန်းအလိုက် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး UNODC, DEA, ONCB, WFP တို့နှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါးပပျောက်ရေးကဏ္ဍတွင် ထောက်ပံ့ကူညီပေးရေးကိစ္စရပ်များအား အစည်းအဝေးတက်ရောက်လာကြသူများက ကဏ္ဍရပ်များအလိုက် ဆွေးနွေးတင်ပြကြ၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အမှာစကားပြောကြား**

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အစည်းအဝေး ၂/၂၀၁၁ တွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ မသန်စွမ်းသူများအတွက် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်



**အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ မသန်စွမ်းသူများအတွက် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၁၃**

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမရဟိုတယ်၌ကျင်းပသော ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ မသန်စွမ်းသူများအတွက် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခြင်းအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့-အဖွဲ့ဝင် ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် မသန်စွမ်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ တာဝန်ရှိသူများက ဖောင်ဒေးရှင်း၏ မသန်စွမ်းသူများဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်း စီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ပြန်လည်ထူထောင်ရေးစီမံချက်အဖြစ် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရပ်ကွက် ၁၃ ခုမှ မသန်စွမ်းသူ ၅၀၀ အတွက် ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းနှင့် လှုပ်ရှားသွားလာမှုလွယ်ကူစေရန် ပံ့ပိုးမှုများဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ထူးကြီးမြို့ မဟာသိဝစေတီရာပြည့်ပွဲတော် ကျင်းပမည်

**ထူးကြီး ဒီဇင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ထူးကြီးမြို့၏ ကျက်သရေဆောင်ဖြစ်တော်မူသော မဟာသိဝစေတီတော်မြတ်ကြီး၏ နှစ် (၁၀၀) ပြည့် ဗုဒ္ဓပူဇနိယပွဲတော်အား ဒီဇင်ဘာ ၂၉ ရက်မှ ဇန်နဝါရီ ၈ ရက်ထိ မြို့ရွှေမန်းသားလေး ဖိုးချစ်ဇာတ်ပွဲ၊ ဦးမောင်မောင်ဆပ်ကပ်အဖွဲ့၊ ဈေးရောင်းပွဲတော်များ၊ အခြားကြည့်ချင်ဖွယ်ရာတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးရှိ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့နှင့် ဇာတိမြေဖွားများ ကြွရောက်ပူဇော်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

## ရတနာကမ်းလွန် ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

တိုတယ်မြန်မာကုမ္ပဏီ (ရတနာကမ်းလွန်သဘာဝဓာတ်ငွေ့ စီမံကိန်း Operator) မှ Corporate Social Responsibility & Socio Economic Activites ဟောပြောပွဲကို ဒီဇင်ဘာ ၁၇ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ UMFCCI Office Tower ပထမထပ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

**တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ**

## ပရဟိတ ကုသိုလ်ဖြစ်ဆေးခန်းဖွင့်

**သာယာဝတီ ဒီဇင်ဘာ ၁၃**

သာယာဝတီမြို့နယ် ပြည်တော်သာရပ်ကွက် ဦးတိုကြီးကျေးရွာ ဦးဘိုကြီးကျောင်းဆရာတော် အရှင်နရပတိမှ ဆောက်လုပ်လှူဒါန်းသည့် ပရဟိတ ကုသိုလ်ဖြစ်ဆေးခန်းကို ၁၃၇၃ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့က ဆရာတော် အရှင်နရပတိနှင့်တကွ သာယာဝတီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြဝင်းနှင့်ဇနီး၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆေးပဒေသာပင်စိုက်လှူကာ ဆေးခန်းဖွင့်လှစ်ပေးခဲ့ပြီး ယခုအခါ ဒေါက်တာတင်ထွန်းက တာဝန်ယူ ဆေးကုသပေးလျက်ရှိကြောင်းသိရသည်။ (ကြေးမုံ)

# မလေးရှားနိုင်ငံ ပက်ထရိုနပ်စ်နည်းပညာတက္ကသိုလ်တွင် ပညာဆည်းပူးရန် ပညာသင်ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မလေးရှားနိုင်ငံ ပက်ထရိုနပ်စ်ရေနံကုမ္ပဏီသည် လူမှုစီးပွားဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ မြန်မာနိုင်ငံမှ အခြေခံပညာအထက်တန်း အောင်မြင်ပြီးဖြစ်သည့် အရည်အချင်းပြည့်မီသော ကျောင်းသား၊ ကျောင်းသူများအား မလေးရှားနိုင်ငံ ပက်ထရိုနပ်စ် နည်းပညာတက္ကသိုလ်တွင် ပညာဆည်းပူးနိုင်ရန် ပညာသင်ဆုချီးမြှင့်သည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့် ပက်ထရိုနပ်စ် ရေနံကုမ္ပဏီမှ Country Chairman, Mr. Hazanie B Jaminanတို့တက်ရောက် အမှာစကားပြောကြားကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မလေးရှားနိုင်ငံ ပက်ထရိုနပ်စ် နည်းပညာတက္ကသိုလ်တွင် အင်ဂျင်နီယာဘွဲ့သင်တန်းတက်ရောက်ခွင့်ရရှိသည့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးအား ပညာသင်ဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ပညာသင်ဆုကို ပက်ထရိုနပ်စ် ရေနံကုမ္ပဏီက ၂၀၀၄ ခုနှစ်မှ စတင်၍ ပေးအပ်လျက်ရှိသည်။ တက်ရောက်ခွင့်ရရှိသည့် ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်စရိတ်အားလုံးကို ကုမ္ပဏီကထောက်ပံ့ပေးပြီး ပညာသင်ကာလပြီးဆုံးပါက စွမ်းအင်ဝန်ကြီးဌာနနှင့် ပက်ထရိုနပ်စ်ရေနံကုမ္ပဏီတို့တွင် တာဝန်ထမ်းဆောင်ခွင့် ရရှိမည်ဖြစ်သည်။ ယခုနှစ် ဆုချီးမြှင့်ခြင်းသည် ဆဋ္ဌမအကြိမ်ဖြစ်ပြီး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၃၈ ဦးအား ပညာသင်ဆုများ ပေးအပ်ချီးမြှင့်ပြီး ဖြစ်ကြောင်း၊ ပထမအသုတ်နှင့် ဒုတိယအသုတ်သင်တန်းသား ၁၁ ဦးသည် သင်တန်းပြီးဆုံး၍ သက်ဆိုင်ရာဘွဲ့များ ရရှိခဲ့ကြပြီး ယင်းတို့အနက် ၁၀ ဦးကို ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနအသီးသီးတွင် ခန့်အပ်တာဝန်ပေးအပ်ထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




**စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး မလေးရှားနိုင်ငံ ပက်ထရိုနပ်စ်နည်းပညာတက္ကသိုလ်တွင် အင်ဂျင်နီယာဘွဲ့သင်တန်း တက်ရောက်ခွင့်ရရှိသည့် ကျောင်းသားတစ်ဦးအား ပညာသင်ဆုပေးအပ်ချီးမြှင့်စဉ်။**
(သတင်းစဉ်)

**မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း အမျိုးသမီး ရိုးရာလေ့လှော်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ငါးဆုရ အသင်းအား အမေရိကန်ဒေါ်လာတစ်သိန်း ဂုဏ်ပြုချီးမြှင့်စဉ်။**
(သတင်းစဉ်)



# လေ့လှော်နှင့် ပိုက်ကျော်ခြင်းအားကစားမောင်/မယ်များအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၃

**မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယမန်နေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပသော (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် လှေလှော်နှင့် ပိုက်ကျော်ခြင်းအားကစား မောင်/မယ်များအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်နှင့် ဇနီး ဒေါ်အေးအေး၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်အဖွဲ့ဝင် ဒေါ်ခင်မာအေး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် နာယကများ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ လှေလှော်နှင့် ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ၊ အောင်ပွဲရ အားကစားမောင်/မယ်များ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအသင်းအနေဖြင့် ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် နှစ်ခု ရယူပေးနိုင်ခဲ့ပြီး လှေလှော်အသင်းအနေဖြင့် ရွှေတံဆိပ် ၁၀ ခု၊ ငွေတံဆိပ်ခြောက်ခု၊ ကြေးတံဆိပ် သုံးခု ရယူပေးနိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ လှေလှော်အဖွဲ့ချုပ်အနေဖြင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသမိုင်းတွင် မြန်မာအားကစားအဖွဲ့အတွက် ရွှေတံဆိပ် အများဆုံး ရယူပေးနိုင်သည့် အအောင်မြင်ဆုံးနှစ်ဖြစ်ပြီး ပြိုင်ပွဲဝင် မြန်မာအားကစားအဖွဲ့ချုပ်အားလုံးတွင် အအောင်မြင်ဆုံး အားကစားအဖွဲ့ချုပ်အဖြစ် အားကစားဝန်ကြီးဌာနက ဂုဏ်ပြုချီးကျူး မှတ်တမ်းတင်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ လှေလှော်နှင့် ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးတို့က ဂုဏ်ပြုစကား ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမျိုးသမီး ရိုးရာလှေလှော်ပြိုင်ပွဲများတွင် ရွှေတံဆိပ် ငါးဆုရ အသင်းအား အမေရိကန်ဒေါ်လာ တစ်သိန်း၊ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌက အမျိုးသားရိုးရာလှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်လေးဆုရ အသင်းအား အမေရိကန်ဒေါ်လာ ရှစ်သောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမျိုးသမီးနှစ်ယောက်တွဲ LWXZ အပြည်ပြည်ဆိုင်ရာ လှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ဆုရ အသင်းအား အမေရိကန်ဒေါ်လာ နှစ်သောင်း၊ ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်က အမျိုးသမီးနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ဆုရအသင်းအား အမေရိကန်ဒေါ်လာ နှစ်သောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီးက ငွေတံဆိပ် ခြောက်ဆုရ လှေလှော်အသင်းအား ဆုငွေကျပ် ၁၄၁ သိန်းနှင့် အမျိုးသားနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရ အသင်းအား ဆုငွေကျပ် သိန်း ၃၀၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ပိုက်ကျော်ခြင်း နာယက ဒေါ်အေးအေးသင်းက လှေလှော်ပြိုင်ပွဲများတွင် ကြေးတံဆိပ်သုံးဆုရ လှေလှော်အသင်းအား ဂုဏ်ပြုဆုငွေကျပ် ၂၉သိန်းနှင့် အသင်းလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ကြေးတံဆိပ်နှစ်ဆုရ ပိုက်ကျော်ခြင်းအသင်းအား ဂုဏ်ပြုဆုငွေကျပ် ၇၂ သိန်း၊ မြန်မာနိုင်ငံ လှေလှော်နှင့် ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌက အောင်မြင်မှုများရအောင် စွမ်းဆောင်ပေးခဲ့ကြသော လှေလှော်အဖွဲ့ချုပ်မှ နည်းပြများအား ဆုငွေကျပ် ၁၁၂ သိန်း၊ ပိုက်ကျော်ခြင်း နည်းပြများအား ဆုငွေကျပ် ၁၈ သိန်း၊ လှေလှော်အဖွဲ့ချုပ်မှ အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူများအား ဆုငွေကျပ် သိန်း ၃၀နှင့် ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူများအား ဆုငွေကျပ် ၂၅ သိန်းတို့ကို ဂုဏ်ပြုချီးမြှင့်ကြသည်။

ထို့နောက် အောင်ပွဲရ အားကစားသမားများအား မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက ဂုဏ်ပြုဆုငွေကျပ် ငါးသိန်း၊ ဧရာဟသ်ာကုမ္ပဏီများအုပ်စုမှ ဦးဇော်ဝင်းရှိန်က ဂုဏ်ပြုဆုငွေ အမေရိကန်ဒေါ်လာ ၅၀၀၀ နှင့် ဦးလှမျိုး ကုမ္ပဏီလီမိတက်က အမေရိကန်ဒေါ်လာ ၅၀၀၀ တို့ကို ထပ်မံချီးမြှင့်ခဲ့ပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ထောက်ပံ့ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင်နှင့်အဖွဲ့ဝင် ဦးလဖိုင်ဇော်ဂွန်းတို့သည် ဒီဇင်ဘာ ၁၂ ရက် ညနေပိုင်းတွင် ကချင်ပြည်နယ် လိုင်ဇာနယ်မြေ လူမှုစောင့်ရှောက်ရေးစခန်း၌ လိုင်ဇာနယ်မြေ ဒေသခံပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လှူဒါန်းသော ပစ္စည်းခြောက်မျိုးပါ အထုပ် ၁၀၀၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လှူဒါန်းသော ဆန်အိတ် ၃၀၀ နှင့် အနွေးထည် ၁၀၀၀၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက လှူဒါန်းသော အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်း အထုပ် ၄၀၀၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများဖြစ်သည့် UNHCR က လှူဒါန်းသော တစ်ထုပ်လျှင် ပစ္စည်းလေးမျိုးပါ အထုပ် ၅၀၀နှင့် UNICEF က လှူဒါန်းသော တစ်ထုပ်လျှင် ပစ္စည်း ၂၅ မျိုးပါ အထုပ် ၃၀၀ စသည့် ထောက်ပံ့ရေး ပစ္စည်းများကို သက်ဆိုင်ရာ စီစဉ်ကြီးကြပ်သူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## နိုဝင်ဘာလအတွင်း မီးလောင်မှု ၉၃ ကြိမ် ဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၁၃**

၂၀၁၁ ခုနှစ် နိုဝင်ဘာလအတွင်း နိုင်ငံတစ်ဝန်းလုံးတွင် မီးလောင်မှု ၉၃ ကြိမ် ဖြစ်ပွားခဲ့ပြီး မီးဖိုမီး/ပေါ့ဆမီး ၆၄ ကြိမ်၊ အလိုအလျောက်မီး သုံးကြိမ်၊ လျှပ်စစ်မီး ၂၄ ကြိမ်နှင့် မသမာသူ ရှို့မီး နှစ်ကြိမ် ပါဝင်သည်။

အဆိုပါ မီးလောင်မှုကြောင့် အိမ်ခြေအဆောက်အအုံ ၁၀၄၂ လုံး၊ အလုပ်ရုံ ၁၂ ရုံ မီးလောင်ခံရပြီး မီးဘေးဒုက္ခသည် ၁၇၀၅ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ တစ်ဦးသေ၊ ၁၄ ဦးဒဏ်ရာရရှိခဲ့သည်။

**အချိန်အဟုန်မြှင့်**

ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိနေပြီဖြစ်သဖြင့် ပေါ့ဆမှုမှစတင်သော မီးလောင်မှုများ ဖြစ်ပွားလာနိုင်သည့်အတွက် မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်ကို ပြည်သူအများလိုက်နာဆောင်ရွက်ရေးအတွက် မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးဘေးလုံခြုံရေးလုပ်ငန်းများကို အချိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

## ဘုရင့်နောင်ဈေးကြီး သွေးလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီးတွင် (၁၃)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဘုရင့်နောင်ဈေးကြီး၏ မင်္ဂလာမဏ္ဍပ်၌ ဒီဇင်ဘာ ၂၄ ရက်တွင် ကျင်းပမည်ဖြစ်ရာ သွေးလှူဒါန်းသူများအနေဖြင့် သွေးလှူဒါန်းပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးလှအေး ဖုန်း-၇၂၆၂၆၉၊ အတွင်းရေးမှူး ဦးခင်မောင်လွင် ဖုန်း-၀၉-၇၃၁၅၀၅၄၇၊ ဈေးသာယာရေးအဖွဲ့ရုံး ဖုန်း-၆၈၀၂၁၉ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ဘုရင့်နောင်ဈေး သွေးလှူဒါန်းပွဲကျင်းပရေးကော်မတီအနေဖြင့် အမျိုးသားသွေးဌာန ရန်ကုန်သို့ (၁၂)ကြိမ်မြောက်အထိ သွေးပုလင်းပေါင်း ၃၅၉၇ နှင့် လှူဒါန်းငွေကျပ် ၂၃၁ သိန်း ငါးသောင်းကျော် လှူဒါန်းခဲ့ပြီးဖြစ်သည်။

ယခု (၁၃)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲတွင်လည်း သွေးပုလင်းပေါင်း ၄၀၀ ခန့်နှင့် လှူဒါန်းငွေများကို အမျိုးသားသွေးလှူဘဏ် (ရန်ကုန်)သို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

**မီးမလောင်ခင် သတိယှဉ် ကြိုတင် ကာကွယ်ပါ**



## စစ်ကိုင်းသစ်ဆိပ် မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောသရုပ်ပြ

**မန္တလေး ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ တကောင်းရပ်ကွက် မြန်မာ့သစ်လုပ်ငန်း မန္တလေးဖောင်ဖွဲ့ရေးဒေသ မန္တလေးမြို့နယ် စစ်ကိုင်းသစ်ဆိပ်၌ ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဟောပြောပွဲ၊ သရုပ်ပြပွဲ၊ ဇာတ်တိုက်လေ့ကျင့်ပွဲကို ကျင်းပရာ မြန်မာ့သစ်လုပ်ငန်း မန္တလေးတိုင်းဒေသကြီး ဒုတိယအထွေထွေမန်နေဂျာ ဦးမြင့်စိုးနှင့် မန္တလေးဖောင်ဖွဲ့ရေးဒေသ လက်ထောက်အထွေထွေမန်နေဂျာ ဦးသိန်းထွန်းတို့က အမှာစကားပြောကြားကြပြီး စစ်ကိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးစောလွင်မြင့်က မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောသည်။

ထို့နောက် မီးသတ်ဆေးဘူးဖြင့် တစ်နိုင်တစ်ပိုင်လက်ဦးမှုရရှိရေးအတွက် ကိုင်တွယ်အသုံးပြုနည်းနှင့် မီးသတ်ကားများဖြင့်လက်တွေ့မီးငြိမ်းသတ်မှု ကိုဝန်ထမ်းများက အဖွဲ့အလိုက်ဇာတ်တိုက်လေ့ကျင့်ကြသည်။ **(ဝဲပုံ)**

(၄၆၉)

## နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိ

## နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော်  ဒီဇင်ဘာ  ၁၃**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိကြရာ ဒီဇင်ဘာ ၁၃ ရက်တွင် ဦးအနုအပါအဝင် ပုဂ္ဂိုလ် ၁၉ ဦးက မြို့တိုင်းရင်းသားပါတီကို တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့သည်။

ယင်းလျှောက်ထားချက်နှင့်ပတ်သက်ပြီး ပါတီတည်ထောင်လိုသူ ပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများထံ မေတ္တာရပ်ခံညှိနှိုင်းထားသည်။ (သတင်းစဉ်)

## ရှမ်းပြည်နယ် ကမ္ဘောဇဖလားဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်

**နေပြည်တော်  ဒီဇင်ဘာ  ၁၃**

၂၀၁၁ ခုနှစ် ရှမ်းပြည်နယ် ကမ္ဘောဇဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၆ နာရီခွဲတွင် ကျိုင်းတုံမြို့ ရွှေတြိဂံဂေါက်ကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဖိတ်ကြားထားသူများ၊ ကျိုင်းတုံခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ၂၀၁၁ ခုနှစ် ရှမ်းပြည်နယ် ကမ္ဘောဇဖလားဂေါက်သီးရိုက်ပြိုင်ပွဲကို ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အရာထမ်းငယ် အခြေခံသင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန်  ဒီဇင်ဘာ  ၁၃**

အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၅၁)ဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီခွဲ တွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အုန်းတောခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဦးဝင်းမောင်တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၂၀ ဦး၊ သင်တန်းသူ ၁၈၁ ဦး စုစုပေါင်း ၃၀၂ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## Seminar Programme Raising Greater Awarness of UNESCO in Myanmar ဆွေးနွေးပွဲကျင်းပ

**နေပြည်တော်  ဒီဇင်ဘာ  ၁၃**

ပညာရေးဝန်ကြီးဌာန မြန်မာယူနက်စကိုအမျိုးသားကော်မရှင်နှင့် ကိုရီးယားယူနက်စကိုအမျိုးသားကော်မရှင်တို့ ပူးပေါင်းကျင်းပသည့် Seminar Programme Raising Greater Awarness of UNESCO in Myanmar ဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ မြန်မာယူနက်စကိုအမျိုးသားကော်မရှင် အထွေထွေအတွင်းရေးမှူး ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာလွင်လွင်စိုး၊ ယူနက်စကိုနှင့် နှီးနွှယ်ဝန်ကြီးဌာနများမှ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသူများနှင့် ကိုရီးယားယူနက်စကိုအမျိုးသားကော်မရှင်မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာယူနက်စကိုအမျိုးသားကော်မရှင် အထွေထွေအတွင်းရေးမှူး ဒေါက်တာလွင်လွင်စိုးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆွေးနွေးပွဲကို ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မြန်မာယူနက်စကို အမျိုးသားကော်မရှင် အထွေထွေအတွင်းရေးမှူး ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာလွင်လွင်စိုး**



**မြန်မာယူနက်စကို အမျိုးသားကော်မရှင်နှင့် ကိုရီးယားယူနက်စကို အမျိုးသားကော်မရှင်တို့ ပူးပေါင်းကျင်းပသည့် Seminar Programme Raising Greater Awarness of UNESCO in Myanmar ဆွေးနွေးပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။** (သတင်းစဉ်)

## ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား အမေရိကန်နိုင်ငံ Johns Hopkins တက္ကသိုလ်မှ ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော်  ဒီဇင်ဘာ  ၁၃**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား အမေရိကန်နိုင်ငံ Johns Hopkins တက္ကသိုလ်မှ Prof. Dr. KarI Jackson နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးရေး၊ ပညာသင်ဆုအစီအစဉ်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးတို့အတွက် အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ညှိနှိုင်းဆွေးနွေးကြရာ Prof. Dr. KarI Jackson က Johns Hopkins တက္ကသိုလ်ဥက္ကဋ္ဌထံ တင်ပြ၍ မြန်မာနိုင်ငံအဆင့်မြင့်ပညာရေးနှင့် ပတ်သက်သည်များကို အမေရိကန်တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## စင်ကာပူချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နှစ်နိုင်ငံချစ်ကြည်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

**နေပြည်တော်  ဒီဇင်ဘာ  ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၏ ဖိတ်ကြားချက်အရ နေပြည်တော်၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. K. Shanmugam ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chua Hian Kong Robert လိုက်ပါလျက် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုရွှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ပြည်ထောင်စုရွှေ့နေချုပ်ရုံး သံတမန်ခန်းမ၌ လည်းကောင်း၊ ညနေ ၅ နာရီတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ပါတီရုံးချုပ် ဧည့်ခန်းမ၌ လည်းကောင်း သွားရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ ချစ်ကြည်ရေးကဏ္ဍဆိုင်ရာများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



### လာရောက်တွေ့ဆုံ

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. K. Shanmugam လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန်  ဒီဇင်ဘာ  ၁၃**

၂၀၁၁ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်အလိုက် အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၂ ရက်တွင် မုံရွာ အားကစားကွင်း၌ ဆက်လက်ကျင်းပရာ ကလေးခရိုင်အသင်းက မော်လိုက်ခရိုင်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

**ယှဉ်ပြိုင်ကစား**

ဒီဇင်ဘာ ၁၃ ရက်တွင် တမူးခရိုင်အသင်းနှင့် မုံရွာခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ရောဝတီတံတား(မကွေး) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်ထားကြောင်းထုတ်ပြန်

**ရန်ကုန်  ဒီဇင်ဘာ  ၁၃**

ဧရာဝတီမြစ်ကူး ဧရာဝတီတံတား(မကွေး)ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၅)နှင့် (၆)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့် (၅)အကြားမှလည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားသည်။ ယခုအခါ ရေနည်းကာလသို့ရောက်ရှိလာပြီဖြစ်သဖြင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဒီဇင်ဘာ ၁၅ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့် (၃) အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁)နှင့် (၂)အကြားမှ လည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

အဆန်လမ်းအဖြစ်ပြောင်းလဲမည့် ရေလယ်တိုင်အမှတ်(၁)နှင့်(၂)အကြားရှိ ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၂၂၇ ပေရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၄၆ ပေရှိသည်။ အစုန်လမ်းအဖြစ် ပြောင်းလဲမည့် ရေလယ်တိုင်အမှတ် (၂)နှင့်(၃)အကြားရှိ ရေလမ်းကြောင်း၏ကင်းလွတ်အကျယ်မှာ ၂၄၈ ပေရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၅၂ ပေရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါမီးနီထွန်းပြသထားမည်။ တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ပေ ၂၀ ခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၄-၁၂-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ "အဖွဲ့တဒိုင်ယာရီ" တရားတော် (ဆရာတော် ဒေါက်တာအရှင်သာမိန)
- ၆း၂၅ ဗုဒ္ဓဝင်ရုပ်စုံတာ မယ်လမုစေတီတော်မှာ
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၅၅)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၈)**
- ၈း၅၀ Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၂)
- ၈း၅၅ ရိုးရာမပျက်ဆင်နွှဲလို့ပျော် အထက (၂)ကမာရွတ်၏ ဘုံကထိန်အလှူတော်
- ၉း၁၀ Activities in The City
- ၉း၃၅ ဓာတ်ပုံထဲမှအမှတ်တရများ
- ၁၀း၁၀ Activities in The City
- ၁၀း၂၅ သာသနာထွန်းကားရာ ကူမဲမြေမှာ
- ၁၀း၃၅ အလယ်ချောင်းကျေးရွာ၏ ကျေးလက်ရိုးရာဘုံကထိန်အလှူပွဲ
- ၁၀း၄၅ ဖန်သားရုပ်မြင်စာဆိုသဘင် "ဘဝထဲက ကဗျာ ကဗျာထဲက ဘဝ"(မြင်းမူမောင်နိုင်မိုး)
- ၁၁း၂၀ ရန်ကုန်မြင်ကွင်းကျယ်
- ၁၁း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၂၉)**
- ၁၂း၃၀ ကျောက်ဂူတောရဆရာတော် အရှင်ဦးကုဏ္ဍာစရိယ၏ (၆၁)နှစ်ပြည့်ဝိဇာတမင်္ဂလာပွဲ
- ၁း၀၀ "အဖွဲ့တဒိုင်ယာရီ" တရားတော် (ဆရာတော် ဒေါက်တာအရှင်သာမိန)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ ရန်ကုန်မြင်ကွင်းကျယ်
- ၂း၃၅ အဖိုးတန်ရွှေနှင့်အောင်သမာဓိ
- ၂း၅၅ လှူဒါန်းကုသိုလ်ယူ၊ ရွှေဆည်မြို့မှ မဟာရွှေသိမ်တော်အလှူ
- ၃း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၅၅)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၈)**
- ၄း၅၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၂၉)**
- ၆း၀၀ MRTV-4 သတင်း
- ၆း၁၅ ရန်ကုန်မြင်ကွင်းကျယ်
- ၆း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၅၆)**
- ၇း၂၅ Cartoon Show Time
- ၇း၄၅ ရန်ကုန်မြင်ကွင်းကျယ် (RV မဟေသီအပျော်စီးသင်္ဘော၏ ဆေးပေါင်းခသောညခရီးစဉ်)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ရယ်စရာဗေးရှင်း (ပွဲဆိုမှပွဲ)
- ၈း၅၅ Celebrity Style
- ၉း၂၀ Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၃)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၉)**
- ၁၀း၂၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
- ၁၀း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၃၀)**
- ၁၁း၁၅ ဖန်တီးသူနှင့်အနုပညာ
- ၁၁း၄၀ သန့်ရှင်းသောသွေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသီတာအောင်)
- ၁၂း၀၅ World of Knowledge
- ၁၂း၅၅ **ကွက်လပ်ဖြည့်ပါ**
- ၁း၀၅ ဇီးအိုရှာနှင့် သဘာဝအင်ကြင်းတော
- ၁း၁၀ Movie Mistakes
- ၁း၃၅ ဖွံ့ဖြိုးဝေဆာသပြေတန်းရှာ ခြွေလှေ့စက်လက်မှုပညာ
- ၁း၄၅ ဆေးဖက်ဝင်သစ်ခွ၏ အသုံးဝင်မှုများထဲမှ. . .
- ၁း၅၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
- ၂း၂၀ စွမ်းရည်မြင့်မား လယ်ယာ(၁၆) လက်တွန်းထွန်စက်တာယာများ
- ၂း၅၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၃း၅၀ မြန်မာမှုလက်ရာပန်းတဉ်းပညာ
- ၄း၂၀ ပဒုမ္မာကြာနွယ်ရိုးမှသည်. . .
- ၄း၃၅ တောင်ကြီးမြို့ရဲ့ တုမရှိ လောကချမ်းသာစူဠာမုနိ
- ၅း၀၀ အစီအစဉ်ပြီး။

## ရေနံချောင်း အထက(၁) (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

**နေပြည်တော်  ဒီဇင်ဘာ  ၁၃**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် သက်ပြည့် အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီး ၁၁၇ ဦးတို့အား (၁၄)ကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်(အင်္ဂါနေ့)လွတ်လပ်ရေးနေ့ မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း နဝဒေးခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။ ရေနံချောင်း အထက(၁)တွင် တာဝန်ထမ်းခဲ့ကြသော အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ပါရန်နှင့် လှူဒါန်းလိုသူ ကျောင်းသား၊ ကျောင်းသူဟောင်းများ ရန်ကုန်မြို့တွင် ဦးလှရွှေ(ဥက္ကဋ္ဌ) ရေနံချောင်းအသင်း ဖုန်း-၀၁-၅၇၂၄၄၀၊ မန္တလေးမြို့တွင် ဦးမောင်မောင်(ဦးစီးအရာရှိ-ငြိမ်း၊ ဆည်မြောင်း) ဖုန်း-၀၂- ၃၁၈ ၃၆၊ ဦးသောင်းညွှန့်(ဦးစီးမှူး၊ စာရင်းရုံး-ငြိမ်း)၊ မကွေးမြို့တွင် ဦးကျော်ညွှန့် (ဗဟို တရားရုံးရှေ့နေ) ဖုန်း-၀၆၃-၂၂၁၈၀နှင့် ရေနံချောင်းမြို့တွင် ဒေါ်မြင့်မြင့်(ကျောင်း အုပ်ဆရာမကြီး) အထက(၁) ဖုန်း-၀၆၀-၂၁၁၆၇၊ ဦးမြင့်မောင် (ဥက္ကဋ္ဌ) ဖုန်း-၀၆၀- ၂၁၁၁၈၊ ဦးဝင်းထွန်း(လေယာဉ်ပျံဆေးလိပ်ခုံ) ဖုန်း-၀၆၀-၂၁၁၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



**ပျော်ဘွယ်မြို့နယ် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပေးအပ်ပွဲကို ပျော်ဘွယ်မြို့နယ် အမေထိန်းခန်းမ၌ ကျင်းပရာ ဦးသန်းလွင်-ဒေါ်မြမြအေး၊ သား မောင်ဟိန်းထက်စိုး (ညီညီအဆင့်မြင့် မွေးမြူရေးအစာထုတ်လုပ်ဖြန့်ချီရေး) မိသားစုက ငါးဘာသာဂုဏ်ထူးရှင်တစ်ဦးအား ရွှေပြားဆု ချီးမြှင့်စဉ်။** (ပညာရေး)

# အရှေ့တောင်အာရှဖလား အမျိုးသားဟော်ကီပြိုင်ပွဲဖွင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုအားပေး

ရန်ကုန် ဒီဇင်ဘာ ၁၃

**၂၀၁၁ ခုနှစ် ဒုတိယအကြိမ်အရှေ့တောင်အာရှဖလား အမျိုးသားဟော်ကီပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူမြက်ခင်းတုဟော်ကီကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်ကြည့်ရှုအားပေးသည်။**

အစီအစဉ်အရ ပြိုင်ပွဲဝင်အသင်းများက ကွင်းအတွင်း နေရာယူကြပြီး ဒုတိယအကြိမ် အရှေ့တောင်အာရှဖလား အမျိုးသားဟော်ကီပြိုင်ပွဲအား ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်း ဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်နှင့် တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲပထမနေ့ ပွဲစဉ်အဖြစ် မလေးရှားနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ ပြိုင်ပွဲတွင် အိမ်ရှင် မြန်မာအသင်း၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်းအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ယနေ့တွင် ပထမပွဲစဉ်အဖြစ် မလေးရှားနှင့်ထိုင်း၊ ဒုတိယပွဲစဉ်အဖြစ် စင်ကာပူနှင့် မြန်မာအသင်း၊ ဒီဇင်ဘာ ၁၄ ရက်တွင် ပထမပွဲစဉ်အဖြစ် စင်ကာပူနှင့်မလေးရှား၊ ဒုတိယပွဲစဉ်အဖြစ် မြန်မာနှင့်ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကြပြီး ဒီဇင်ဘာ ၁၅ ရက်တွင် ပြိုင်ပွဲများ ခေတ္တရပ်နားမည်ဖြစ်သည်။ ဒီဇင်ဘာ ၁၆ ရက်တွင် ပထမပွဲစဉ်အဖြစ် မလေးရှားနှင့်မြန်မာ၊ ဒုတိယပွဲစဉ်အဖြစ် ထိုင်းနှင့်စင်ကာပူ၊ ဒီဇင်ဘာ ၁၇ ရက်တွင် ပထမပွဲစဉ်အဖြစ် တတိယနေရာနှင့် စတုတ္ထနေရာလုပွဲ၊ ဒုတိယပွဲစဉ်အဖြစ် ပထမနေရာနှင့် ဒုတိယနေရာလုပွဲများ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲများအားလုံးကို နေ့စဉ်မွန်းလွဲ ၁ နာရီမှစ၍ တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် သိမ်ဖြူမြက်ခင်းတုဟော်ကီကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ မြန်မာနှင့်စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားနေသည်ကို ကြည့်ရှုအားပေးစဉ်။** (ကြေးမုံ)

# အနယ်လ်ကာ၏ နောက်ကို ဒရော့ဘာလိုက်တော့မည်လော

**ရှန်ဟိုင်း ဒီဇင်ဘာ ၁၃**

တရုတ်စူပါလိဂ်ကလပ် ရှန်ဟိုင်းရှန်ဟွာအသင်းသည် ချယ်လ်ဆီးအသင်းနှင့် ထပ်မံဆွေးနွေးမှုပြုလုပ်လျက်ရှိရာ ယင်းကိစ္စအထမြောက်ခဲ့ပါက ချယ်လ်ဆီးတိုက်စစ်မှူး ဒီဒီရာဒရော့ဘာမှာ အနယ်လ်ကာကဲ့သို့ပင် တရုတ်ကလပ်သို့ ရောက်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

အနယ်လ်ကာသည် ရှန်ဟိုင်းရှန်ဟွာအသင်းနှင့် ပေါင် ၆ သန်းတန် တစ်နှစ်စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။

ရှန်ဟိုင်းရှန်ဟွာအသင်းမှ တာဝန်ရှိသူများသည် ယခုနှစ် ဘောလုံးရာသီပြီးဆုံးချိန်တွင် ချယ်လ်ဆီးနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် အသက်(၃၃)နှစ်အရွယ် ဒရော့ဘာကို ခေါ်ယူနိုင်ရန် ချယ်လ်ဆီးအသင်းတာဝန်ရှိသူများနှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။



အကယ်၍ ရှန်ဟိုင်းရှန်ဟွာအသင်းသို့ ဒရော့ဘာရောက်ရှိလာမည်ဆိုပါက အနယ်လ်ကာနှင့်တွဲဖက်၍ အကောင်းဆုံး တိုက်စစ်ပုံစံကို ဖော်ဆောင်နိုင်မည်ဟု တရုတ်အသင်းမှ တာဝန်ရှိသူများက ယုံကြည်နေကြသည်။ ***အင်တာနက်။***

# တပည့်ဟောင်း လမ်းပတ်ကို ရီးယဲလ်သို့ခေါ်ယူရန် မော်ရင်ဟိုစဉ်းစားနေ

**မက်ဒရစ် ဒီဇင်ဘာ ၁၃**

ချယ်လ်ဆီးနည်းပြဟောင်း ဟိုဆေး မော်ရင်ဟိုသည် ၎င်း၏တပည့်ဟောင်း ဖရန့်လမ်းပတ်အား ရီးယဲလ်မက်ဒရစ်သို့ ခေါ်ယူရန်စဉ်းစားနေကြောင်း သိရသည်။

မော်ရင်ဟိုသည် လမ်းပတ်အား ခေါ်ယူနိုင်ရန်အတွက် အသင်းမှ ကွင်းလယ်ကစားသမား ဂရာနီယိုနှင့် အလဲအထပ်ပြုရန် စီစဉ်ထားကြောင်း ဆိုသည်။ အသက်(၂၄)အရွယ် ဂရာနီယိုအား အာဆင်နယ်နှင့် လီဗာပူးတို့ကလည်း ပစ်မှတ်ထားနေကြသည်။

## ဟိန်းထက်လင်း

### အခွင့်ကောင်း

လမ်းပတ်သည် ယခုလက်ရှိ ချယ်လ်ဆီးနည်းပြ ဗီလာဘို့စ် လက်ထက်တွင် နေရာမရဖြစ်နေသည်ကို မော်ရင်ဟိုက အခွင့်ကောင်းယူရန် စဉ်းစားနေခြင်းဖြစ်သည်။ ဗီလာဘို့စ်သည် အရွယ်ဟိုင်းနေသည့် ကွင်းလယ်ကစားသမား လမ်းပတ်ထက် ရာအူးမီယာလက်စ်၊ ရာမီရက်စ်နှင့် ရိုမီယူတို့ကဲ့သို့ ခြေစွမ်းထက်နေသည့် လူငယ်ကစားသမားများကိုသာ ပိုမိုနှစ်သက်ပြီး အခွင့်အရေးပေးနေသည်။ မော်ရင်ဟိုသည် လမ်းပတ်အားခေါ်ယူနိုင်ရန် ယခင်ကလည်း နှစ်ကြိမ် ကမ်းလှမ်းခဲ့သေးသည်။ ယခုတစ်ကြိမ်ထပ်မံကမ်းလှမ်းမှုမှာ အရာထင်လာနိုင်ဖွယ်ရှိကြောင်း စပိန်သတင်းဌာနအချို့က ဆိုသည်။

### ရွှေထီးဆောင်းကာလ

အသက် (၃၃)နှစ်အရွယ် လမ်းပတ်သည် ချယ်လ်ဆီးအသင်းတွင် ပရီမီယာလိဂ်အမှတ်ပေးဖလား သုံးကြိမ်၊ အက်ဖ်အေဖလားသုံးကြိမ်နှင့် ဥရောပလိဂ်ဖလား နှစ်ကြိမ်ကိုင်မြှောက်နိုင်ခဲ့ပြီး ၁၇၇ ဂိုးသွင်းယူထားသည်။ ၎င်းရွှေထီးဆောင်းနိုင်ခဲ့သည့် ကာလမှာ ချယ်လ်ဆီးတွင် မော်ရင်ဟိုရှိနေစဉ်ကာလ ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း ဖြစ်သည်။ ***အင်တာနက်။***

## နိုင်ငံတကာသတင်းများ  နိုင်ငံတကာသတင်းများ  နိုင်ငံတကာသတင်းများ



# နေတိုးထောက်ပံ့ရေးယာဉ်များကို အခွန်ကောက်ခံသွားရန် ပါကစ္စတန်စဉ်းစားနေ

အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၁၃

**ပါကစ္စတန် ပိုင်နက်ကိုဖြတ်သန်းအသုံးပြုနေသော မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့(နေတိုး)၏ ထောက်ပို့ယာဉ်များနှင့် လောင်စာဆီတင်ယာဉ်များအား** (အပေါ်ပုံ) **အခွန်အကောက်အဖြစ် နှစ်စဉ် အမေရိကန်ဒေါ်လာ သန်းနှင့်ချီ၍ ကောက်ခံသွားရန် ပါကစ္စတန်နိုင်ငံက သုံးသပ်နေကြောင်း ဒီဇင်ဘာ ၁၃ ရက် သတင်းများတွင် ဖော်ပြထားသည်။**

နေတိုးတပ်ဖွဲ့၏ ထောက်ပံ့ရေးယာဉ်တန်းများသည် အာဖဂန်စစ်မြေပြင်သို့ သွားရောက်နိုင်ရန်အတွက် ပါကစ္စတန်နယ်မြေများကို ဖြတ်သန်းကြရသည်။

နေတိုးထောက်ပံ့ရေးယာဉ်တန်းများ ရပ်နားခနှင့် ထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ထိန်းသိမ်းခတို့အပြင် လောင်စာဆီများအတွက်ပါ အခွန်ကောက်ခံသွားဖွယ်ရှိကြောင်း ပါကစ္စတန်အာဏာပိုင်များက ပြောကြားခဲ့သည်။

နိုဝင်ဘာ ၂၆ ရက်က လုပ်ဆောင်ခဲ့သည့် နေတိုးတပ်ဖွဲ့၏ လေကြောင်းထိုးစစ်တစ်ရပ်ကြောင့် ပါကစ္စတန်တပ်ဖွဲ့ဝင် ၂၄ ဦး သေဆုံးခဲ့ရပြီးနောက် အာဖဂန်စစ်မြေပြင်ရှိ နေတိုးတပ်ဖွဲ့များအတွက် အလွန်အရေးကြီးသော ထောက်ပံ့ရေးလမ်းကြောင်းကို ပါကစ္စတန်က ပိတ်ထားခဲ့သည်။

ယခုအခါ ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်အတွင်း၌ နေတိုးတပ်ဖွဲ့၏ ထောက်ပံ့ရေးယာဉ် ထောင်ပေါင်းများစွာတို့ သောင်တင်နေလျက်ရှိသည်။

အာဖဂန်နစ္စတန်နိုင်ငံသို့ နေတိုးတပ်ဖွဲ့ထောက်ပံ့ရေးယာဉ်တန်းများ သွားရောက်ခွင့်ကို ရက်သတ္တပတ်ပေါင်းများစွာ ဆက်လက်ပိတ်ပင်ထားဖွယ်ရာရှိကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် ယူဆွက်ရာဇာဂီလာနီက ဒီဇင်ဘာ ၁၁ ရက်တွင် ပြောကြားခဲ့သည်။ ယင်းနေ့မှာပင် သောင်တင်လျက်ရှိသော နေတိုးထောက်ပံ့ရေးယာဉ်များကို လေးရက်အတွင်း နှစ်ကြိမ်မြောက်အဖြစ် လက်နက်ကိုင်အကြမ်းဖက်သမားများက တိုက်ခိုက်ခဲ့ကြရာ ယာဉ်မောင်းတစ်ဦးသေဆုံး၍ ထောက်ပံ့ရေးယာဉ်ခုနစ်စင်း ဖျက်ဆီးခံခဲ့ရသည်။ ***အင်တာနက်။***

# ဆောင်းရာသီကာလ အအေးဒဏ်မှ အိုးအိမ်မဲ့များကို ကာကွယ်ပေးနိုင်ရေး ညပိုင်းခိုလှုံရာနေရာများ အလုံအလောက်ထားရှိရန် အိန္ဒိယတရားရုံးချုပ်ညွှန်ကြား

**ဒေလီ ဒီဇင်ဘာ ၁၃**

ဆောင်းရာသီကာလအတွင်း အအေးဒဏ်ကြောင့် အိုးအိမ်မဲ့များ သေဆုံးရမှုမဖြစ်ပေါ်စေရေးအတွက် ညပိုင်းခိုလှုံရာနေရာများ အလုံအလောက်ဖန်တီးပေးထားရန် ပြည်နယ်အသီးသီးသို့ အိန္ဒိယနိုင်ငံ တရားရုံးချုပ်က ညွှန်ကြားထားကြောင်း အင်္ဂါနေ့သတင်းများတွင် ဖော်ပြထားသည်။

### အင်အားပြင်းထန်

ဒေလီမြို့တော်၊ အိန္ဒိယထိန်းချုပ်သော ကတ်ရှ်မီးယားဒေသ၊ ဟာယာနာပြည်နယ်၊ ပန်ဂျပ်ပြည်နယ်နှင့် ဥတ္တာပရာဒေ့ရှ်ပြည်နယ်များသည် ဆောင်းရာသီကာလအတွင်း အလွန်ပြင်းထန်သည့် အအေးဒဏ်နှင့် ရင်ဆိုင်တွေ့ကြုံရလေ့ရှိသည်။

လွန်ခဲ့သောနှစ် ဆောင်းရာသီကာလက အိန္ဒိယနိုင်ငံ မြောက်ပိုင်းဒေသ၌ အအေးဒဏ်ကြောင့် အိုးအိမ်မဲ့ပြည်သူ ၅၀ ကျော် သေဆုံးခဲ့ကြရပြီး အအေးဒဏ်ပြင်းထန်မှုကြောင့် စာသင်ကျောင်းများကိုလည်း အာဏာပိုင်များက ပိတ်ထားခဲ့ရသည်။

အအေးဒဏ်ကို ပြင်းထန်စွာခံစားရလေ့ရှိသည့် ပြည်နယ်အများစု၌ အိုးအိမ်မဲ့များအတွက် ညပိုင်းခိုလှုံရာနေရာများ အလုံအလောက်မထားပေးနိုင်သေးသည့် ပြဿနာနှင့် ပတ်သက်၍ စိုးရိမ်မကင်းဖြစ်မိကြောင်း အိန္ဒိယတရားရုံးချုပ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အိုးအိမ်မဲ့များအတွက် ခိုလှုံရာနေရာများ ထားရှိနိုင်မှုအခြေအနေကို လာမည့်နှစ် ဇန်နဝါရီ ၃ ရက်တွင် အစီရင်ခံတင်ပြရန် သက်ဆိုင်ရာအာဏာပိုင်များအား အိန္ဒိယတရားရုံးချုပ်က တောင်းဆိုထားသည်။

၂၀၀၈ ခုနှစ် လေ့လာချက်တစ်ရပ်အရ ဒေလီမြို့တော်သည် အအေးဒဏ်ကို အပြင်းထန်ဆုံးခံစားခဲ့ရသည့် အိန္ဒိယမြို့တော်များတွင် အပါအဝင်ဖြစ်ပြီး ဆောင်းရာသီအတွင်း အိုးအိမ်မဲ့ ၁၅၀၀၀၀ မျှသည် ဖြစ်သလိုအိပ်စက်ခဲ့ကြရသည်။

ဆောင်းရာသီကာလ အအေးဒဏ်အပြင်းထန်ဆုံး အချိန်များတွင် ဒေလီမြို့တော်၌ ပျမ်းမျှအားဖြင့် နေ့စဉ်လူလေးဦး သေဆုံးခဲ့ရကြောင်း အိုးအိမ်မဲ့များဆိုင်ရာ ပရဟိတအဖွဲ့အစည်းတစ်ရပ်က ပြောကြားခဲ့သည်။ ***အင်တာနက်။***



# ဆေးရှဲလ်ကျွန်းနိုင်ငံ၌ ရေတပ်ထောက်ပို့စခန်းထားရှိရေး တရုတ်သုံးသပ်နေ

ပေကျင်း ဒီဇင်ဘာ ၁၃

**ပင်လယ်ဓားပြရန်ကာကွယ်ရေးမစ်ရှင်များ လုပ်ဆောင်စဉ်အတွင်း ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ဆေးရှဲလ်ကျွန်းနိုင်ငံ၌ ယင်းနိုင်ငံ၏ ဖိတ်ခေါ်ချက်အရ ရေတပ်ထောက်ပို့စခန်းတစ်ခုထားရှိ အသုံးပြုသွားနိုင်ဖွယ်ရှိကြောင်း တရုတ်နိုင်ငံက ဒီဇင်ဘာ ၁၂ ရက်တွင် ပြောကြားခဲ့သည်။**

ပင်လယ်ဓားပြရန်ကာကွယ်ရေး ခရီးဝေးမစ်ရှင်များ၏ လိုအပ်ချက်များနှင့် ကုန်တင်သင်္ဘောများကို အစောင့်လိုက်ရေးဆိုင်ရာ လိုအပ်ချက်များအရ ဆေးရှဲလ်ကျွန်းနိုင်ငံအပါအဝင် အခြားနိုင်ငံများရှိ သင့်လျော်သော ဆိပ်ကမ်းများတွင် တရုတ်ရေတပ်သင်္ဘောများ ခေတ္တခိုနားရန်နှင့် ထောက်ပို့လုပ်ငန်း များ လုပ်ဆောင်သွားရန် သုံးသပ်လျက်ရှိကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

မဟာဗျူဟာအရ အချက်အချာကျသည့် အိန္ဒိယသမုဒ္ဒရာဒေသ၌ ဩဇာလွှမ်းမိုးမှုရှိလာရန် တရုတ်နိုင်ငံက ကြိုးပမ်းနေမှုနှင့်စပ်လျဉ်း၍ အိန္ဒိယနိုင်ငံက စိုးရိမ်ပူပန်လာစဉ်အတွင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

အိန္ဒိယသမုဒ္ဒရာသည် အာရှတိုက်ကို ဥရောပတိုက်နှင့် အရှေ့အလယ်ပိုင်းဒေသတို့နှင့် ဆက်စပ်ပေးထားသော အရေးကြီးသည့် ရေလမ်းကြောင်းဖြစ်သည်။

ဆေးရှဲလ်ကျွန်းနိုင်ငံသို့ ယခုလ အစောပိုင်းကာလအတွင်း တရုတ်ကာကွယ်ရေးဝန်ကြီး လိန်ကွမ်းလီသွားရောက်ခဲ့စဉ် ရေတပ်ထောက်ပို့စခန်းထားရှိရေးအတွက် ဆေးရှဲလ်ကျွန်းအာဏာပိုင်များက ကမ်းလှမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆိုမာလီယာနိုင်ငံကမ်းရိုးတန်းကမ်းလွန် အေဒင်ပင်လယ်ကွေ့ဒေသနှင့် အိန္ဒိယသမုဒ္ဒရာဒေသများ၌ ပင်လယ်ဓားပြရန် ကာကွယ်ရေးမစ်ရှင်များကို တရုတ်နိုင်ငံက လုပ်ဆောင်လျက်ရှိသည်။

၂၀၀၈ ခုနှစ်မှစ၍ တရုတ်နိုင်ငံသည် ပင်လယ်ဓားပြရန်မှ ကာကွယ်စောင့်ရှောက်ရေး စစ်ရေးမစ်ရှစ် ၁၀ ခုနှင့် တပ်ဖွဲ့ဝင်အင်အား ၈၀၀၀ ကျော်တို့ကို အေဒင်ပင်လယ်ကွေ့ဒေသသို့ ပို့လွှတ်ခဲ့ပြီး သင်္ဘောစင်းရေ ၄၃၀၀ ကျော်အား ပင်လယ်ဓားပြများရန်မှ ကာကွယ်စောင့်ရှောက်ပေးနိုင်ခဲ့သည်။

***အင်တာနက်။***

# ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်အား စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. K. Shanmugam ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်အား စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. K. Shanmugam ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၄ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့ တွေ့ဆုံရာသို့ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့်အတူ ကုလသမဂ္ဂ၊ အာဆီယံ၊ AIPA နှင့် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး မောင်မောင်ထူး၊ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Chua Hian Kong Robert တက်ရောက်သည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် လွှတ်တော်အချင်းချင်း အပြန်အလှန် ဆက်သွယ်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)



**ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. K. Shanmugam အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

# ၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေဆုများထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၁၃

**ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၁၀ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့်စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီးဖြစ်ရာ အမျိုးသားစာပေဆု ချီးမြှင့်ရန် ရွေးချယ်ခြင်းခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ယနေ့ထုတ်ပြန် ကြေညာသည်။**

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ရဲသျှမ်း ရေးသားသည့် ဘူတာရုံကလေး ဝတ္ထုတိုစုစည်းမှု၊ ကဗျာပေါင်းချုပ်ဆုတွင် မြင်းမူမောင်နိုင်မိုး ရေးသားသည့် အလွမ်းသတင်း ပန်းတစ်ခင်း၊ စာပဒေသာဆုတွင် တင့်ဆွေ (ဖျာပုံ) ရေးသားသည့် ကျောပိုးအိတ်လေးကို ချီကာလွယ်၊ လူငယ်စာပေဆုတွင် တင်မြင့်ရေးသားသည့် ရှင်မတောင်မှ ဧရာဝတီသို့၊ ဘာသာပြန်(သုတ)စာပေဆုတွင် ဘိုးလှိုင်ပြန်ဆိုရေးသားသည့် အိန္ဒိယကို တွေ့ရှိခြင်း၊ ဘာသာပြန်(ရသ)စာပေဆုတွင် နေဝင်းမြင့်ပြန်ဆိုရေးသားသည့် ရေကန်သာ ကြာတိုင်းအေး၊ သုတပဒေသာ(ဝိဇ္ဇာ)ဆုတွင် ဒေါက်တာအောင်မြင့်ဦး ရေးသားသည့် ဘာသာစကားသုတေသန၊ သုတပဒေသာ(ရိုးရိုးသိပ္ပံ)ဆုတွင် ဆရာကြီး ဦးဟန်ထွန်း ရေးသားသည့် နရသုခိကျမ်းရင်းနှင့် စကားပြေကျမ်း၊ သုတပဒေသာ(အသုံးချသိပ္ပံ)ဆုတွင် စောငုဝါ(ပျဉ်းမနား) ရေးသားသည့် အိုင်အမ်ဇီဝနည်းပညာ အသုံးပြုစိုက်ပျိုးရေး၊ နိုင်ငံရေးစာပေဆုတွင် ကိုသန်း(ကြည့်မြင်တိုင်) ရေးသားသည့် မြန်မာလူငယ်တစ်စု၏ ဗီယက်နမ် အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲစစ်မျက်နှာသို့ လျှို့ဝှက်ခရီးနှင့် အင်္ဂလိပ်ဘာသာဆုတွင် ကျော်လတ် ရေးသားသည့် Art and Architecture of Bagan and Historical Background စာအုပ်တို့ကို ဆုရွေးချယ်ချီးမြှင့်ကြောင်း ကြေညာသည်။

အမျိုးသားစာပေဆုတွင် ၂၀၁၀ ခုနှစ်မှ စတင်လျက် အင်္ဂလိပ်ဘာသာစာအုပ်ဆုကို တိုးမြှင့်လိုက်သည့်အတွက် စုစုပေါင်း ဘာသာရပ် ၁၅ မျိုးဖြစ်လာပြီး ယင်းတို့အနက် ဝတ္ထုရှည်၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ ကလေးစာပေနှင့် ပြဇာတ်စာပေတို့အတွက် ဆုများချီးမြှင့်နိုင်ခြင်းမရှိကြောင်း သိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း စာပေဗိမာန်ရှိ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး ဖုန်း-၀၁-၃၇၆၅၆၉၊ စီမံရေးရာဌာန ဖုန်း-၀၁-၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် ၅"×၇" ရောင်စုံဓာတ်ပုံနှစ်ပုံနှင့် ပတ်စပို့အရွယ်ဓာတ်ပုံနှစ်ပုံစီကို (တစ်ပတ်အတွင်း)ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမကြီး၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးအား ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သောဆောင်ရွက်ချက်ကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် စာရေးဆရာကြီး ဒေါက်တာသော်ကောင်းအား ၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကို ရွေးချယ်ချီးမြှင့်လိုက်သည်။

အဆိုပါဆုကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်(အင်္ဂါနေ့) နံနက် ၉ နာရီတွင် နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမကြီး၌ ကျင်းပမည့် ၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု စာရေးဆရာကြီး ဒေါက်တာသော်ကောင်း

## ၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေဆုများ

| စဉ် | ဘာသာရပ် | စာအုပ်အမည် | ရေးသူ | ထုတ်ဝေသူ |
|---|---|---|---|---|
| ၁ | ဝတ္ထုတိုပေါင်းချုပ် | ဘူတာရုံကလေးဝတ္ထုတိုစုစည်းမှု | ရဲသျှမ်း | စိတ်ကူးချိုချို |
| ၂ | ကဗျာပေါင်းချုပ် | အလွမ်းသတင်း ပန်းတစ်ခင်း | မြင်းမူမောင်နိုင်မိုး | နိုင်ငံ့ဂုဏ်ရည် |
| ၃ | စာပဒေသာ | ကျောပိုးအိတ်လေးကို ချီကာလွယ် | တင့်ဆွေ(ဖျာပုံ) | ပန်းမျိုးတစ်ရာ |
| ၄ | လူငယ်စာပေ | ရှင်မတောင်မှ ဧရာဝတီသို့ | တင်မြင့် | နိုင်ငံ့ဂုဏ်ရည် |
| ၅ | ဘာသာပြန်(သုတ) | အိန္ဒိယကိုတွေ့ရှိခြင်း | ဘိုးလှိုင် | မုံရွေးစာအုပ်တိုက် |
| ၆ | ဘာသာပြန်(ရသ) | ရေကန်သာ ကြာတိုင်းအေး | နေဝင်းမြင့် | ပုဂံစာအုပ်တိုက် |
| ၇ | သုတပဒေသာ(ဝိဇ္ဇာ) | ဘာသာစကား သုတေသန | ဒေါက်တာ အောင်မြင့်ဦး | မူဝံစာအုပ်တိုက် |
| ၈ | သုတပဒေသာ (ရိုးရိုးသိပ္ပံ) | နရသုခိကျမ်းရင်းနှင့် စကားပြေကျမ်း | ဆရာကြီးဦးဟန်ထွန်း | ခုနစ်စဉ်စာပေ |
| ၉ | သုတပဒေသာ | အိုင်အမ်ဇီဝနည်းပညာအသုံးပြု (အသုံးချသိပ္ပံ)စိုက်ပျိုးရေး | စောငုဝါ(ပျဉ်းမနား) | Synergy Publication |
| ၁၀ | နိုင်ငံရေးစာပေ | မြန်မာလူငယ်တစ်စု၏ ဗီယက်နမ် အမျိုးသား လွတ်မြောက်ရေးတိုက်ပွဲ စစ်မျက်နှာသို့ လျှို့ဝှက်ခရီး | ကိုသန်း (ကြည့်မြင်တိုင်) | မုံရွေးစာအုပ်တိုက် |
| ၁၁ | အင်္ဂလိပ်ဘာသာ | Art and Architecture of Bagan and Historical Background | ကျော်လတ် | မုဒ္ဒိတစာပေ |

ယ နေ့ သ တ င် း အ ညွှ န် း

## ယာဉ်အစားထိုးလဲလှယ်တင်သွင်းမှု လက်ကျန် ၂၉၇ စီးရှိ

"Deposit တင်ထားသည့် ယာဉ်များအား နေ့ချင်းပြီး ထုတ်ယူနိုင်ရေးအတွက် စီမံဆောင်ရွက်ထား"

ပြည်တွင်းသတင်း စာမျက်နှာ - ၆

## ဆေးရုံလ်ကျွန်းနိုင်ငံ၌ ရေတပ် ထောက်ပို့စခန်းထားရှိရေး တရုတ် သုံးသပ်နေ

နိုင်ငံတကာသတင်း စာမျက်နှာ - ၁၀

## ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး ဆောင်ရွက်ရာတွင် နစ်နာသော တောင်သူများအား ဖြည့်ဆည်းကူညီပေးရန်လို

"တရားဝင်သီးနှံများ စိုက်ပျိုးရန်ခက်ခဲမှုများကြောင့် အလွယ်တကူစိုက်ပျိုးဖြစ်ထွန်းပြီး ဝင်ငွေရလွယ်မည့် ဘိန်းစိုက်တောင်သူဘဝကို ပြန်လည်ရောက်ရှိခဲ့ရခြင်းဖြစ်"

ပြည်တွင်းသတင်း စာမျက်နှာ - ၇